ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ အင်္ဂါနေ့ (8-10-2013) (၇၆၂၇)

ယခုအခါ နိုင်ငံတော်အနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပြီး အခွန်အကောက်မှရငွေကို တိုးမြင့်လာစေရန် ကြိုးပမ်းဆောင်ရွက်နေဆဲကာလမှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေသည် နိုင်ငံတော်ဘတ်ဂျက်အတွက် အဓိကနေရာ၌ ပါဝင်နေဆဲဖြစ်။

နိုင်ငံ၏ ရငွေရရှိနိုင်မှုအရင်းအမြစ်များကို စေ့စေ့စပ်စပ်ရှာဖွေဖော်ထုတ် ရငွေများတစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာစေရေး အထူးကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။(အောက်ပုံ)

ယင်းအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းပြုပြင်ပြီး ရသုံးခန့်မှန်းခြေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို အတည်ပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

လင်းလက်ကြယ်စင်

ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်းကို တွေ့ရစဉ်။

ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်မည်

ကလေး အောက်တိုဘာ ၇

ရာဇဂြိုဟ် ဘက်စုံရေလှောင်တမံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ကလေး-တမူး ကားလမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိသည်။ "ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်းအတွက် ခန့်မှန်းခြေစာရင်းတန်ဖိုးမှာ ပြည်တွင်း ငွေကျပ် ၅၄၂၄၄ သန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်း ကုန်ကျမယ်လို့ ခန့်မှန်းတွက်ချက်လျာထားပါတယ်။ ၂၀၁၃ ခုနှစ် မေလကုန်အထိ ပြည်တွင်း ငွေကျပ် ၂၈၆၇၆ ဒသမ ၂၆၃ သန်းနဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉ သန်း သုံးစွဲပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဇွန်လကုန်အထိ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း ၇၉ ဒသမ ၅၄ ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ၈၆ ဒသမ ၁၀ ရာခိုင်နှုန်းနဲ့ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း ၁၅ ဒသမ ၁၃ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီလို့ သိရပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ကြေးမုံစာတည်းရှုထောင့် ၈-၁၀-၂၀၁၃ [အင်္ဂါနေ့]

ကလေးများ အနာဂတ်လှပရေး

ကလေးသူငယ်ဟူသည် အသက်(၁၈)နှစ် မပြည့်သေးသောသူ။ တစ်နည်း မိဘနှင့် ဆရာသမားများ၏ မေတ္တာရိပ်ကိုခိုလှုံကာ အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်ကြားမှာ လွတ်လပ်ပေါ့ပါး ပျော်ပျော်ပါးပါးနှင့် သွားလာလှုပ်ရှားရှိနေရမည့် လူမမည်အရွယ်လေးများဖြစ်သည်။ အချို့သောကလေးများမှာ ထိုအခွင့်အရေးဆုံးရှုံးကာ အရွယ်နှင့်မမျှ ရုန်းကန်လှုပ်ရှားနေကြသူများလည်းရှိသည်။

ထိုကလေးများကို လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် အများအားဖြင့် တွေ့နေရသည်။ ပုံမှန်အလုပ်လုပ်၊ အချိန်မှန် စားသောက်နိုင်သည့် မိသားစုသဖွယ် လုပ်ကြရသူများလည်းရှိသည်။

အဆိုးရွားဆုံး ကလေးအလုပ်သမားခိုင်းစေမှုသည် ကျွန်ပြုမှု ပုံစံအမျိုးမျိုး၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေမှု၊ မူးယစ်ဆေးကုန်ကူးမှုနှင့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ လုံခြုံရေး၊ ကိုယ်ကျင့်တရားတို့ကို ထိခိုက်စေသည့် လုပ်ငန်းများတွင် ဝန်နှင့်အားမမျှ ခိုင်းစေမှုများဟု ကမ္ဘာ့အလုပ်သမားအဖွဲ့က သတ်မှတ်ထားသည်။

ထိုအဖွဲ့၏ ကြေညာချက်အရ ကမ္ဘာပေါ်တွင် ကလေးအလုပ်သမား ၁၆၈ သန်းအထိရှိနေပြီး ယင်းတို့အနက် ၈၅သန်းမှာ အန္တရာယ်ရှိသည့်လုပ်ငန်းခွင်များတွင် ဆိုးရွားစွာခိုင်းစေခံနေကြရဆဲဖြစ်ကြောင်း သိရသည်။ ဤသို့ကလေးအလုပ်သမားခိုင်းစေမှုသည် ဆင်းရဲသောနိုင်ငံများထက် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများတွင် ပိုမိုတွေ့ရှိရကြောင်း စက်တင်ဘာလလယ်က ထုတ်ပြန်ခဲ့သည့် ၎င်းအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

မိမိတို့နိုင်ငံသည် ကလေးသူငယ် အဓမ္မခိုင်းစေမှုပပျောက်ရေးကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ နှင့် ၂၀၀၇ခုနှစ်ကတည်းက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ ၎င်းတို့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကိုလည်း သဘောတူကြောင်း မကြာမီ လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။

ယခုနှစ်အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပသောတပ်သားသစ်အဖြစ် စုဆောင်းခံရပြီး နုတ်ထွက်ခွင့် ရသူကလေးများနှင့် နိုင်ငံအတွင်း အခွင့်အလမ်းနည်းပါးသည့် ကလေးသူငယ်များ အနာဂတ်ဘဝများ လှပရေးအတွက် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းမှာ ကလေးများ၏ နောင်ရေးကို နိုင်ငံတော်နှင့် တာဝန်ရှိ အဖွဲ့အစည်းများက အလေးထားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံ၏ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှလည်း ၂၀၁၃ ခုနှစ်အကုန်တွင် ကလေးသူငယ်များအား အတင်းအဓမ္မစေခိုင်းမှု လုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာကို လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းစီမံချက်အတိုင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်သည်။

ကလေးအလုပ်သမားများဖြစ်ကြရခြင်း၏ ဇာစ်မြစ်ကို သုံးသပ်ကြည့်လျှင် မိဘမဲ့များ၊ မိစုံဖစုံမနေရသော ကလေးများအဖြစ်များကြောင်း တွေ့ရပြီး မိဘစုံလင်ရှိပါလျက် ဆင်းရဲမှုအကြောင်းပြချက်ဖြင့် ကျောင်းပြင်ပရောက်ကာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြရသော ကလေးများလည်း ရှိနေသေးသည်။ မြို့ပြ၏ ဆင်ခြေဖုံးရပ်ဝန်းများတွင် အလုပ်တစ်ဖက်နှင့် ကျောင်းတက်နေကြရသော ကလေးများ၊ ကျောင်းပညာတစ်ပိုင်းတစ်စနှင့် အလုပ်ထွက်လုပ်နေကြရသော မိစုံဖစုံကလေးများလည်း ရှိသည်။

ကလေးများ၏ နောင်ရေးအတွက် ဆောင်ပုဒ်တစ်ခုကို နိုင်ငံတကာကလေးများနေ့တွင် သတ်မှတ်ဖူးခဲ့သည်။ ထို့ကြောင့် ကလေးများ၏အရေးဆောင်ရွက်နေ သူတိုင်း ထိုအချက်ကို သတိပြု၍ ကလေးများ၏ နောင်ရေးဘဝသာယာလှပ စေရန်အတွက် ဝိုင်းဝန်းစောင့်ရှောက်မြေတောင်မြှောက်ပေးကြရမည် ဖြစ်ပါသည်။ ။

သုတေသနတွေ့ရှိချက်များ ထိရောက်စွာအသုံးချနိုင်ရေး နည်းလမ်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ငှက်ဖျားရောဂါ သုတေသနလုပ်ငန်းများမှ အရေးပါသော တွေ့ရှိချက်များကို ပြည်တွင်းပြည်ပ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများတွင် တင်ပြခဲ့ရုံသာမက ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင်လည်း အလျဉ်းသင့်သလို ပုံနှိပ်ဖော်ပြခြင်းများ၊ အစီရင်ခံစာများ၊ ပြုစုရေးသားတင်ပြခြင်းများ ပြုလုပ်လျက်ရှိနေသော်လည်း အချိန်မီ ပြည့်စုံစွာ ပြန်လည်အသုံးပြုနိုင်မှုတွင် လိုအပ်ချက်များရှိနေကြောင်းဖြင့် အောက်တိုဘာ ၇ ရက်က ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ငှက်ဖျားရောဂါဆိုင်ရာ သုတေသန တွေ့ရှိချက်များကို ထိရောက်စွာ အသုံးချနိုင်ရေး နည်းလမ်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ပြောကြားသည်။

(အပေါ်ပုံ)

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တပ်မတော် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ အခြား ပြင်ပငှက်ဖျားသုတေသီ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့် ပြည်သူ့ကျန်းမာရေး စီမံချက်များ ရေးဆွဲရာတွင် အသုံးချနိုင်မည့် နည်းလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၁၀-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	'ဗုဒ္ဓအလိုတော်ကျလူ့ဘဝ ဖော်ဆောင်ရေး" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၉၆)
၇း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၂၈)
၈း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၇၇)
၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၁၁)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်	ရွှေဈေး	၆၈၈၈၀၀	-	၆၈၉၈၀၀
မန္တလေး	ရွှေဈေး	၆၈၈၈၀၀	-	၆၈၉၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၈. ၈
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၈. ၇၈
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၁. ၀၅၄
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၆. ၃၈
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၅. ၈၂၂
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၀၀၀. ၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၀. ၇၉၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၁၈. ၂၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၉. ၈၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Katja Christina Nordgaard အား ယနေ့ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် အဆွေတော်သံအမတ်ကြီးလက်ထက်တွင် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့၏ဆက်ဆံရေး ထူးထူးခြားခြားကောင်းမွန်လာမှု၊ စီးပွားရေးပိတ်ဆို့မှုများအား နော်ဝေနိုင်ငံက ရုပ်သိမ်းပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံက အားတက်သရော ကူညီဆောင်ရွက်ပေးခဲ့မှု၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လျှပ်စစ်၊ သစ်တော၊ စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Katja Christina Nordgaard အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စုံညီခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည်ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထူးအယူခံမှု ခုနစ်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ဆီးဂိမ်းအကြိုမှ

အမျိုးသားပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာ(က)က မလေးရှား(ခ)ကို နှစ်ပွဲပြတ်၊ မြန်မာ(ခ)က မလေးရှား (က)ကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ(က)နှင့်မြန်မာ(ခ)အသင်းတို့ တွေ့ဆုံခဲ့ပြီး မြန်မာ(ခ)အသင်းက ၂၁-၁၈ မှတ်၊ ၂၁-၁၈မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အမျိုးသမီးပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာ(က)က မလေးရှား(က)ကို နှစ်ပွဲပြတ်၊ မလေးရှား(ခ)က မြန်မာ(ခ)ကို နှစ်ပွဲတစ်ပွဲတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ(က)က မလေးရှား(ခ)ကို ၂၁-၉ မှတ်၊ ၂၁-၈ မှတ်နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ သုံးယောက်တွဲအုပ်စုပွဲစဉ်များကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းမှု နိုင်ငံတော်နှင့် လက်တွဲဖော်ဆောင်

မိုင်းလား အောက်တိုဘာ ၇

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားဒေသသို့ ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် မိုင်းလားအထူးဒေသ(၄) ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ခေါင်းဆောင်သည့်အဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းခေါင်းဆောင်သည့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြရာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဦးစိုင်းလင်းနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစံပေ၊ ဦးစံလူ၊ ဦးထိန်လင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်**(အပေါ်ယာပုံ)**က နိုင်ငံတော်အဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အတူတကွပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်မှုကာလတွင် နိုင်ငံတော်နှင့်လက်တွဲပြီး အတူတကွပူးပေါင်းတည်ဆောက်စေလိုပါကြောင်း၊ ဒီမိုကရေစီနိုင်ငံထူထောင်နေသောကာလတွင် အတူတကွ ပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း၊ တိုင်းရင်းသားများ၏အရေးကို ရှေ့တန်းတင်ဆောင်ရွက်နေသည့် ကာလဖြစ်သည်နှင့်အညီ လွှတ်တော်များတွင် တိုင်းရင်းသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ရေးဆွဲလျက်ရှိနေပါကြောင်း၊ မိမိတို့၏ဆန္ဒသဘောထားများကိုလည်း ထည့်သွင်းပါဝင်ဆွေးနွေးပေးပို့စေလိုပါကြောင်း၊ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲတွင် ပူးပေါင်းပါဝင်နိုင်ရေး ဖိတ်ကြားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းသန်းခေါင်စာရင်းကောက်ယူရေးတွင် စာရင်းဇယားများအချိန်မီကောက်ယူရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မိုင်းလားအထူးဒေသ(၄) ဒုတိယဥက္ကဋ္ဌ ဦးစံပေနှင့် အတွင်းရေးမှူး ဦးခမ်းမောင်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်က ကျောက်တန်းမြို့ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(သန်းဝင်း-တညင်လေး)

ကျိုက်လတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် မွေ့ဆိပ်ဖြေဆေးနှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်သုံးဆေးဝါးသေတ္တာများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် မြွေဆိပ်ဖြေဆေးနှင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်သုံးဆေးဝါးသေတ္တာများ အပါအဝင် ဆေးပဒေသာပင်အလှူငွေ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၅ ရက်က ကျိုက်လတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ မြစန္ဒီကျောင်းခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်နှင့် ဇနီးဒေါ်ခင်မလေးတို့က မြွေဆိပ်ဖြေဆေး အလုံး ၃၀နှင့်ကျန်းမာရေးစောင့်ရှောက်မှု ဆေးပဒေသာပင်အလှူငွေ ကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်က မြွေဆိပ်ဖြေဆေး အလုံး ၅၀ နှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်သုံး ဆေးသေတ္တာ သုံးပုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ကျန်းမာရေးမှူး ဦးနိုင်ဦးက လက်ခံရယူသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော် အလှူရှင်များက ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဒေသခံပြည်သူများ ကိုယ်စား ကျိုက်လတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က လက်ခံရယူပြီး စုစုပေါင်းငွေကျပ် ၃၉၈၇၀၀၀၀ တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၁၀-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	ပရိတ်တရားတော်
၆း၅၅	ပြည်သူ့နီတိ "အယုံလွယ်သူများ အမှားကြုံ၏"
၇း၄၀	"လူမှုဖွံ့ဖြိုးပြည့်အကျိုး"(အပိုင်း-၁)
၈း၂၅	SEA Games ဇာတ်လမ်းတို "Road to SEA Games (Part-6)"
၈း၅၀	"စိုပြည်စိမ်းလန်းကမ္ဘာမြေတစ်ဝန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခြုံကာလွှမ်း"
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ချန်ပီယံချစ်သူ" (အပိုင်း-၁၁)
၁၁း၂၀	"သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "အဖေ့အရိပ်"(နေမျိုးအောင်၊ အောင်ကျော်ဟိန်း၊မို့မို့မြင့်အောင်၊ ခင်ဇာခြည်ကျော်)(ဒါရိုက်တာ - ဟိန်းစိုး)

✻ ကျောက်ဖြူမှ

ရှေ့ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ယခုနှစ် မတ် ၂၉ ရက်တွင် ဖွဲ့စည်းပေးခဲ့သည့်အချိန်မှစ၍ လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများ၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှု၊ ဖွဲ့စည်းလိုက်သည့် ဆပ်ကော်မတီများ၏ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့် အရေးပေါ်အခြေအနေကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ယခု မိုးတွင်းကာလ မတိုင်မီ ဒုက္ခသည်အားလုံးကို အမိုးအကာအောက်အချိန်မီရောက်ရှိရေးနှင့် စားဝတ်နေရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မိုးတွင်းကာလကျော်လွန်က အချို့သောစခန်းများတွင် သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နိုင်သဖြင့် ဆက်လက်ဖြေရှင်းသွားရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အရေးအခင်း လက်ရှိအခြေအနေတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တည်ငြိမ်သင့်သလောက်တည်ငြိမ်သော်လည်း ပဋိပက္ခများကို မမျှော်လင့်သောနေရာများတွင် ပြန်လည်ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော် သမ္မတကြီး၏ ခရီးစဉ်နှင့်တိုက်ဆိုင်ပြီး ဖြစ်ပေါ်ခဲ့သည်များကိုလည်း တွေ့ရှိရပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွင် အနှောင့်အယှက်များရှိသော်လည်း တရားဝင်၊ တရား မဝင်ဟူသော နှစ်ဖက်အဖွဲ့အစည်းအတွင်းရှိနေသည့် သံသယပြဿနာကိုဖြေရှင်းနိုင်ရန် စိစစ်ရေးလုပ်ငန်းပြီးပြတ်အောင်ဆောင်ရွက်နိုင်ပါမှ ပြည်နယ်အရေးအခင်း၏ဇာစ်မြစ်တစ်ခုကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာက စောင့်ကြည့်ထောက်ပြနေသည့် ကိစ္စတစ်ခုလည်းဖြစ်ကြောင်း၊ စိစစ်ရေးလုပ်ငန်းမပြတ်သရွေ့နိုင်ငံတကာက ထောက်ပြနေမှုနှင့် နှစ်ဖက်အဖွဲ့အစည်း သံသယရှိနေမှု ပြဿနာသည် ဆက်ရှိနေမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးတွင် စားဝတ်နေရေး၊ အလုပ်အကိုင်ပြဿနာကို ဖြေရှင်းပေးနိုင်မည့် ကျေးရွာနေရာများဖြစ်ပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း၊ သို့ရာတွင် နှစ်ဖက်အုပ်စုသဟဇာတဖြစ်စေရေး ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

ဒုက္ခသည်ပေါင်းတစ်သိန်းကျော်၏ ကျွေးမွေးရေးကို နိုင်ငံတကာအဖွဲ့အစည်းများက ယခုနှစ်ကုန်အထိ တာဝန်ယူမည်ဟု သိရပါကြောင်း၊ လာမည့်နှစ်ဆန်းအတွက် မည်ကဲ့သို့ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ကို လုပ်ငန်းကော်မတီအနေဖြင့် သင့်တော်သော စီမံချက်နှင့်ပေါင်းစပ်ဆောင်ရွက်သွားနိုင်အောင် စီစဉ်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ရေမြေသဘာဝအရင်းအမြစ် ပေါကြွယ်ကောင်းမွန်သော်လည်း အခြေခံအဆောက်အအုံ မဖွံ့ဖြိုးသေးသည့်အတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနောက်ကျနေပါကြောင်း။

ယခု ဖြစ်ပျက်နေသည့် ရခိုင်ပြည်နယ်အရေးအခင်းတွင် ပဋိပက္ခကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းဆောင်ရွက်သော်လည်း အပြည့်အဝယုံကြည်မှု မရရှိသေးသည်မှာ တစ်ခုပါဝင်နေပါကြောင်း။

ယခုအရေးအခင်းကို ရေရှည်ဖြေရှင်းပေးမည့် လမ်းပြမြေပုံမရေးဆွဲနိုင်မှုကြောင့်ဖြစ်သည်ဟု နိုင်ငံတကာက ပြောကြပါကြောင်း၊ ထို့ကြောင့် ကျန်လုပ်ငန်းကော်မတီ(၅)ခု၏ ရေတိုရေရှည်လုပ်ငန်း စီမံချက်များကို ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီကို ပေးပို့ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း။

ဘက်စုံမဟာဗျူဟာ၏ စီမံချက်အပေါ် လုပ်ငန်းကော်မတီများက အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းအင်အားအလိုက် ရှေ့လာမည့်ကာလတွင် ဘက်စုံမဟာဗျူဟာလုပ်ငန်းကော်မတီနှင့် ပေါင်းစည်းဖော်ဆောင်ပေးရန် လုပ်ငန်းကော်မတီများက လိုအပ်ချက်အခက်အခဲများကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဖော်ဆောင်တိုးတက်မှု၊ ဆုတ်ယုတ်မှုသည် သာမန်အားဖြင့် ရခိုင်ပြည်နယ်ကွက်ကွက်လေးကို အကျိုးသက်ရောက်မည်ဟု ထင်ရသော်လည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးအပေါ် သက်ရောက်သောကိစ္စဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်လများတွင် မိတ္ထီလာ၊ ပြည်၊ လားရှိုး၊ ကန့်ဘလူတို့တွင် ဆူပူဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်နှင့် အာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ OIC နှင့်ဆက်ဆံရေးတို့နှေးစေခဲ့ရပါကြောင်း။

တစ်နှစ်ကျော်ကြာလာပြီဖြစ်သည့်ရခိုင်ပြည်နယ် ပဋိပက္ခ၊ ရခိုင်ပြည်နယ်မတည်မငြိမ်ဖြစ်မှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်ပါက စီးပွားရေးအနေဖြင့် မိမိတို့နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြမည့်သူများကို အထူးသဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဝင်ရောက်စေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေပါကြောင်း။

နိုင်ငံတော်က အင်တိုက်အားတိုက် ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထိခိုက်နှောင့်နှေးစေပါကြောင်း၊ နိုင်ငံရေးအနေဖြင့် နိုင်ငံတကာဖြစ်သည့် UN နှင့် EU မျက်နှာစာတွင် စွပ်စွဲကြသည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူ့အခွင့်အရေးဆုံးရှုံးမှု၊ ဘာသာရေးအခြေခံလှုံ့ဆော်အားပေးမှုစသော ဝေဖန်ပြောဆိုမှုများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို အဟန့်အတားဖြစ်စေကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို အကန့်အသတ်ဖြစ်စေပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ကြိုးစားဆောင်ရွက်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးတွင် မတိုးသာ၊ မဆုတ်သာဖြစ်စေသည့် အဟန့်အတားတစ်ချက်ဖြစ်ကြောင်း၊ ယခုခေတ်အချိန်အခါတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်နိုင်ငံချင်း သီးသန့်နေ၍မရသော ခေတ်ကာလတွင် နှစ်ဦးနှစ်ဖက်နိုင်ငံများ၏ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီရလဒ် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေကြောင်း၊ ယခုလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှုသည် နိုင်ငံတော်ကို အထောက်အကူပြုလုပ်ငန်းဖြစ်သည့်အတွက် ချမှတ်ထားသော လုပ်ငန်း လမ်းပြမြေပုံအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ သံတွဲမှ

လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆရာတော်ကြီးများကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးဆောင်ရွက်ချက်များကို လိုလားဝမ်းမြောက်ပါကြောင်း မိန့်ကြားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဥပဒေကို ကျူးလွန်ဖောက်ဖျက်သူများကလည်း ဥပဒေနှင့်အညီ ဥပဒေ၏အဆုံးအဖြတ်ကိုခံယူရေး၊ တာဝန်သိပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းဖော်ထုတ်ပြီး တရားဥပဒေကို လေးစားလိုက်နာရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ သပြုချိုင်ဒေသ ပဋိပက္ခဖြစ်စဉ်တွင် ဥပဒေမဲ့လုပ်ဆောင်သူအချို့ကို သံဃာတော်များနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် တာဝန်သိဒေသခံရပ်မိရပ်ဖများက ဖော်ထုတ်ပြီး နယ်မြေခံရဲစခန်းသို့ ပို့ဆောင်အပ်နှံပေးခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့်အဖွဲ့သည် သံတွဲမြို့ရှိ မဟာအောင်မြေဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တည်ငြိမ်အေးချမ်းလျက်ရှိသော သံတွဲမြို့နယ်၏ အခြေအနေကို ပိုမို တိုးတက်ကောင်းမွန်ရေးလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၇

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ် ပေါ်နေကြောင်းသိရသည်။ **(မိုး/ဇလ)**

အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်မှဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မိုး/ဇလ)

လူမှုဖူလုံရေး အာမခံ အလုပ်သမားများအား Smart Card ထုတ်ပေးရန်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

ပျဉ်းမနားမြို့ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ နေပြည်တော် ပုံနှိပ်စက်ရုံတွင် လုပ်ကိုင်နေသော လူမှုဖူလုံရေးအာမခံ အလုပ်သမား ၄၀၈ ဦးအား Smart Card ထုတ်ပေးနိုင်ရေးအတွက် ကိုယ်ရေးအချက်အလက်များနှင့် ဓာတ်ပုံလက်ဗွေရာယူရန် လူမှုဖူလုံရေး(ရုံးချုပ်) မှညွှန်ကြားရေးမှူး ဦးဆောင်၍ အဖွဲ့ဝင်ရှစ်ဦးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ကြေးမုံ)**

ဈေးကွက်နှင့်အခွင့်အလမ်းမြင့်မားရေး ကုန်စည်ပြပွဲ ပြသမည်

ရန်ကုန် အောက်တိုဘာ ၇

ပြည်တွင်း ပြည်ပမှထုတ်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာနိုင်ရန်၊ ဈေးကွက်အတွင်းနှင့်သုံးစွဲသူပြည်သူများအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ခင်းကျင်းပြသမည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၃ နှင့် ပတ်သက်၍ ပြပွဲကြီးမှူးကျင်းပသည့် Dagon Exhibitions Limited မှလက်ထောက် ဈေးကွက်မန်နေဂျာ ဦးနိုင်ဝင်းအောင်အား တွေ့ဆုံခဲ့သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ပြည်တွင်းပြည်ပမှ ဆေးဝါးများ၊ အလှကုန်နှင့်ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စသည်တို့ပါဝင်ပြသမည်ဟုဆိုသည်။ ထိုသို့ပြသခြင်းဖြင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများ၏ အားသာချက်၊ အားနည်းချက်များကို လာရောက်လေ့လာသူများက ကောင်းစွာ သိရှိနိုင်ပြီး လုပ်ငန်းရှင်ကြီးများက ပိုမိုကောင်းမွန်သော ဈေးကွက်ကိုရှာဖွေထိုးဖောက်နိုင်ရန် အခွင့်အလမ်းရရှိနိုင်ခြင်း၊ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများကို တစ်စိတ်တစ်ပိုင်း အထောက်အပံ့ပြုပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည့်အပြင် ပြပွဲဖွင့်ပွဲနေ့တွင် စီးပွားရေး ပညာရှင် Professor တစ်ဦးက စီးပွားရေးဆိုင်ရာအခွင့်အလမ်းအကြောင်းဟောပြောပေးရန် စီစဉ်ထားသည်။

အဆိုပါ ပြပွဲကို Job Seekers Journal နှင့် ပူးပေါင်း၍ First National Insurance, Global World Insurance, CB Insurance & Capital Life Insurance တို့၏ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(စိုးစိုးနိုင်-ကြေးမုံ)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်-၃၂၊ နေပြည်တော်
ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်မှ အောက်ဖော်ပြပါ စက်ကြီးယန္တရားအသစ် (Brand New)များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြေကော်စက်(Excavator) (၆)စီး
(ခ) မြေတူးစက် (Bulldozer) (၆)စီး
(ဂ) လမ်းကြိတ်စက်(Road Roller) (၆)စီး
(ဃ) မြေသယ်ယာဉ်(Dump Truck) (၁၈)စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား စက်ကြီးယန္တရားများ တင်သွင်း မည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ် စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ၈-၁၀-၂၀၁၃ ရက်မှ ၁၇-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် ဌာနမှထုတ်ပေးထားသည့် အဆိုပြုလွှာပါ စာရွက်စာတမ်းများကိုသာ လက်ခံမည် ဖြစ်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်(အင်္ဂါနေ့) ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော် တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၁၇၇၊ ၀၆၇-၄၀၆၃၂၀၊ ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၁၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

ပညာရည်ချွန်ဆုပေးပွဲနှင့် ဆင်းရဲနွမ်းပါးပညာသင်ဆု ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော်　　အောက်တိုဘာ　၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သီလဝ ခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ဆင်းရဲနွမ်းပါးပညာသင်ဆု ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့အခမ်းအနားသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆု ပေးအပ်ပွဲအခမ်းအနားဖြစ်ပြီး ယခုနှစ်အတွက် ပိုမိုထူးခြားသည်မှာ ဆင်းရဲနွမ်းပါး ပညာသင်ဆုပါ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးပညာသင်ဆုပေးရသည့် ရည်ရွယ်ချက်မှာ ပြည်မြန်မာတွင် ပညာရည်ထူးချွန်သည့် ပုဂ္ဂိုလ်များ များစွာလိုအပ်နေသည့်အတွက် ယခုကဲ့သို့ ဆင်းရဲနွမ်းပါးပညာသင်ဆုကို စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိဘက ကျောင်းမထားနိုင်သည့် ကျောင်းနေအရွယ်ကလေးများ၊ ပညာကိုလိုလားပြီး ကျောင်းမနေနိုင်သည့်ကလေးများနှင့် ထူးချွန်ပြီးကျောင်းမနေနိုင်သည့် ကျောင်းနေအရွယ်ကလေးများကို နေရာအနှံ့အပြားမှာ တွေ့မြင်နေရသည့်အတွက် ၎င်းကျောင်းသား ကျောင်းသူများအား ပညာရေးလောကထဲတွင် တစ်ဝက်တစ်ပျက်ဖြင့် မကျန်ရှိစေလိုခြင်းကြောင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ပညာသည်သာ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်သလို ဘဝ၌တွေ့ကြုံနိုင်သည့် ခက်ခဲသောပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်မှုဖြစ်ပြီး ပညာတတ်မှသာ နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခက်အခဲပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်မှာ ဖြစ်ကြောင်း၊ တိုးတက်သော ခေတ်တွင်ပညာတတ်ရုံသာမက စဉ်းစားတွေးခေါ် တတ်မှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများကို ဆောင်ရွက်နိုင်မှာဖြစ်ပြီး ယခုကတည်းက စဉ်းစားတွေးခေါ်တတ်အောင် ဆရာ ဆရာမများက ကျောင်းသားလူငယ်များကို လေ့ကျင့်သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ ယခုဆင်းရဲနွမ်းပါးပညာသင်ဆုကို ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အားလုံးက မွန်မြတ်သော စေတနာဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရမည်းသင်းမြို့နယ်မှ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းပြီး တစ်မြို့နယ်လုံးတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းများနှင့် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ ရမည်းသင်းမြို့နယ်အတွင်း ဆင်းရဲနွမ်းပါးပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့အား ပညာသင်ထောက်ပံ့ငွေများနှင့် ဆင်းရဲနွမ်းပါးပညာသင်ဆုအတွက် ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အမတ္တာကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်　　အောက်တိုဘာ　၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အမတ္တာကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ဗီခရွန်ခရိုမာဒစ်နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် အမတ္တာဖောင်ဒေးရှင်းမှ Food City တစ်ခုတည်ဆောက်ပေးနိုင်မည့် အစီအစဉ်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မည့် အစီအမံများ၊ အမတ္တာဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုများအားရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အပြန်အလှန်ဆွေးနွေးခြင်းအခမ်းအနား၌ မှာကြား

နေပြည်တော်　　အောက်တိုဘာ　၇

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို “၂၁ ရာစုနိုင်ငံထူထောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာလိုအပ်ချက်စာတမ်း” ခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အမှာစကားပြောကြားပြီး စာရေးဆရာ ဒေါက်တာချစ်စံ(ချစ်စံဝင်း)က အပြန်အလှန်ဆွေးနွေးခြင်း (Debate)နှင့် ပတ်သက်သည့် အကြောင်းအရာကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က “၂၁ ရာစု နိုင်ငံထူထောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာလိုအပ်ချက်စာတမ်း” ခေါင်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်အား မေးမြန်းဆွေးနွေးခဲ့ပြီး မဟာဗျူဟာ လေ့လာရေးနှင့်သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့ ဒေသဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံကျောက်စာတိုင် စိုက်ထူလှူဒါန်းပွဲမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဒေသဂုံရှမ်းဘာသာပိဋကတ်သုံးပုံ ကျောက်စာတိုင်စိုက်ထူလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီရင်ပြင်တော်မွှာရုံ၌ ကျင်းပရာ မင်္ဂလာအခမ်းအနားသို့ နဂါးနှစ်ကောင်ကျောင်းတိုက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်မြို့ ဒေသဂုံရှမ်းဘာသာပိဋကတ်သုံးပုံကျောက်စာတိုင် ထူထောင်စဉ်။ (မြဝတီ)

ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟာမြတ်မုနိကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသာလင်္ကာရထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ အမှူးပြုသော ဧည့်ပရိသတ်များက သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမြတ်မုနိကျောင်းတိုက် ဆရာတော်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများက ဒေသဂုံရှမ်းဘာသာပိဋကတ်သုံးပုံကျောက်စာတိုင်များကို ရွှေသင်္ကန်းကပ်လှူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး စိုက်ထူကြသည်။

အဆိုပါ ရွှေတိဂုံစေတီရင်ပြင်တော်နှင့် ဓမ္မာရုံတော် အသစ်တွင် ဒေသဂုံရှမ်းဘာသာပိဋကတ်သုံးပုံကျောက်စာတိုင် ၂၀၀၀ စိုက်ထူသွားမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် မေလမှ စတင်စိုက်ထူခဲ့ရာ ရင်ပြင်တော်ပေါ်၌ ကျောက်စာတိုင် ၃၂၀ စိုက်ထူပြီးစီးခဲ့သည်။ ယနေ့တွင် ဓမ္မာရုံအတွင်း ကျောက်စာတိုင် ၃၀ အားစိုက်ထူနိုင်ခဲ့ကာ ကျန်ရှိသည့် ကျောက်စာတိုင်များအား ဆက်လက်စိုက်ထူသွားမည် ဖြစ်သည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မဟာမြတ်မုနိကျောင်းတိုက်သို့သွားရောက်၍ ဘုရားအား ပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီး ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် လေ့လာသူများအဖြစ် တက်ရောက်ကြမည့် တိုင်းရင်းသားငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် ယနေ့ညနေ ၄ နာရီခွဲတွင် မြစ်ကြီးနားမြို့ရှိ နန်းသီတာဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၊ ကာကွယ်ရေးစစ်ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ KNU၊ RCSS / SSA/UWSA၊ ABSDF၊ MNSP၊ PLNO၊ SSPP၊ PSLF/ TNLA၊ CNF နှင့် NDAA စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကြီးကျင်းပပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးအဖွဲ့များအားလုံး သဘောတူလက်ခံသည့် အခြေခံသဘောတူညီချက်များရရှိအောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးက မိမိတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြရန် အထူးလိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အသီးသီး၏ လိုအပ်ချက်နှင့် အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရေးနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များအပေါ် အဖွဲ့အလိုက် ကိုယ်စားလှယ်များက ၎င်းတို့၏သဘောထားနှင့် အမြင်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးကို နိုင်ငံတော်သမ္မတ၊ တပ်မတော်၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးနှင့် ပြည်သူအားလုံးက လိုလားတောင့်တပြီး နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ခံကာ ငြိမ်းချမ်းရေးအတွက်ပါဝင်ဆောင်ရွက်သူ အားလုံးက ကောင်းမွန်စွာ ဆောင်ရွက်ကြလျှင် အားလုံးလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပျောက်ဆုံးကြောင်း ကျွန်တော် မောင်ထွန်းထွန်းအောင်[၁၂/သဃက(နိုင်)၁၅၈၀၉၀]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၇၃၂၁၈၉၅၃**

ပျောက်ဆုံး ကျွန်တော် နိုင်လင်းအောင်[၁၂/ဒပန(နိုင်)၀၄၅၈၉၅]၏ ပတ်စ်ပို့(M-649 558)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၂၀၂၅၂၉၁၈**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

မွေးနေ့ဆုတောင်း

ဦးသူရထွန်း(Director)

တကောင်ဘွားကုမ္ပဏီလီမိတက်

၈-၁၀-၂၀၁၂ ရက်တွင် ကျရောက်သည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီးနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းများနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တကောင်ဘွားကုမ္ပဏီလီမိတက်
ဝန်ထမ်းမိသားစုများအားလုံး

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့်စပ်လျဉ်း၍ မေးမြန်း

နေပြည်တော် အောက်တိုဘာ ၇

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ကိုယ်စားမေးမြန်းရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးနိုင်ရေးအဆင့်များအနေဖြင့် စက်မှုလုပ်ငန်းလိုင်စင်များနှင့်တကွ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ တင်ပြလျှောက်ထားရပါကြောင်း၊ လုပ်ငန်းအမှန်တကယ် လုပ်ငန်းလည်ပတ်နေခြင်း ရှိ၊ မရှိနှင့် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားခြင်းရှိ၊ မရှိတို့ကို ကွင်းဆင်းသွားရောက်စစ်ဆေးထားသည့် ထောက်ခံချက်ဖြင့် ချေးငွေထုတ်ချေးနိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ ပေးပို့ပါကြောင်း။

မှန်ကန်ပြည့်စုံပါက ချေးငွေလျှောက်လွှာတွင် ဖြည့်စွက်စေ၍ ချေးငွေလျှောက်ထားစေပါကြောင်း၊ အာမခံပေးအပ်မည့် မြေနှင့်အဆောက်အအုံအားဘဏ်ရာဖြတ်မှ ကွင်းဆင်းစစ်ဆေးရန် သင့်၊ မသင့်ကို အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)ရှိ ချေးငွေဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးထံ ခွင့်ပြုမိန့်တောင်းခံရမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုမိန့်ရရှိပါက ကွင်းဆင်းစစ်ဆေးစေမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးပြီး အတင်းအကျပ်ရောင်းဈေးတန်ဖိုးကို သတ်မှတ်ပြီးပါက ကျပ်သိန်း (၂၀၀၀)အောက် ချေးငွေအမှုတွဲများကို ဘဏ်ဥက္ကဋ္ဌ(၂)နှင့် ဒါရိုက်တာအဖွဲ့ဝင်(၄)ဦးပါဝင်သော ချေးငွေကော်မတီသို့လည်းကောင်း၊ ကျပ်သိန်း(၂၀၀၀)အထက် လျှောက်ထားသည့်ချေးငွေအမှုတွဲများကို Board of Directorအဖွဲ့သို့လည်းကောင်း တင်ပြပြီး ဆုံးဖြတ်ချက်ရယူရမည်ဖြစ်ပါကြောင်း။

ကျပ်သိန်း(၂၀၀၀)အောက် ချေးငွေအမှုတွဲများကို ချေးငွေကော်မတီမှ (၁)ပတ် (၁)ကြိမ် စိစစ်ဆုံးဖြတ်ပြီး ကျပ်သိန်း(၂၀၀၀)အထက် ချေးငွေများကို နာယကနှင့်ဒါရိုက်တာအားလုံးပါဝင်သော Board of Director အဖွဲ့မှ (၁)လ (၁)ကြိမ် စိစစ်ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေပမာဏကို အများဆုံး ကျပ်သိန်း (၅၀၀၀)အထိ ထုတ်ချေးပေး၍ ချေးငွေသက်တမ်းကာလမှာ(၃)နှစ်ဖြစ်ပါကြောင်း၊ ဆုံးဖြတ်ပြီးချေးငွေများကို လုပ်ငန်းရှင်များထံသို့ (၃)ရက်အတွင်း ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါကြောင်း။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ် (၃၀) ရက်အထိ ပြည်တွင်းလုပ်ငန်းရှင်(၆၀၅)ဦးအား ချေးငွေကျပ် (၈၈၆၄၉ ဒသမ ၂၆)သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်က အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လယ်ယာအမတော်ကြေးကဲ့သို့ ထုတ်ချေးပေးခဲ့သည့် ငွေကျပ်(၁၀)ဘီလီယံကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ အတိုးနှုန်း(၈ ဒသမ ၅)ရာခိုင်နှုန်းဖြင့် အချိန်ကာလ(၃)နှစ်အထိ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်သော အသေးစားနှင့်အလတ်စားလုပ်ငန်း(၆၂)ခုသို့ ထုတ်ချေးပေးပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်နှင့်ပတ်သက်၍ **သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း**က "ကျွန်တော်ကိုယ်စားမေးမြန်းခဲ့တာ မေးခွန်းလေးခုဖြစ်ပါတယ်။ ဒါကလည်း မလှိုင်မဲဆန္ဒနယ်အတွင်း ဦးအေးမောက်တို့ဘက်က တက်လာတဲ့ လက်ရှိအခြေအနေအတွက် သိချင်တာလေးဖြစ်ပါတယ်။ ဒုဝန်ကြီးကတော့ အားလုံးကို ခြုံငုံပြီး ဖြေကြားရှင်းလင်းပေးခဲ့ပါတယ်။ သို့သော် မြို့နယ်အဆင့်ရဲ့ ဆောင်ရွက်နိုင်မှုလုပ်ငန်းစဉ်အခြေအနေကို စေ့စေ့အောင် ဖြေဆိုမပေးနိုင်သေးဘဲ မကြာခင် သက်ဆိုင်ရာဌာနတွေနဲ့ စုစည်းတိုင်ပင်ပြီး ပြန်လည်ဖြေကြားပေးမယ်ဆိုလို့ ကျွန်တော့်အနေနဲ့ကတော့ ဒုဝန်ကြီးရဲ့အဖြေကို စောင့်ဆိုင်းဖို့ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **ရွှေတောင်မြို့နယ်ရှိ ကျေးရွာများတွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက သောက်သုံးရေခက်ခဲသော ရွှေတောင်မြို့နယ် အင်္ဂူကျေးရွာ၊ တည်ကြီးကုန်းကျေးရွာ၊ ဝါးတောသာကျေးရွာနှင့် ညောင်စာရေးကျေးရွာများရေရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ပေါင်းချုပ်ကျေးရွာအုပ်စု၊ အင်္ဂူကျေးရွာတွင် စက်ရေတွင်း(၁)တွင်းနှင့်တည်ကြီးကုန်းကျေးရွာတွင် စက်ရေတွင်း(၁)တွင်း စုစုပေါင်းစက်ရေတွင်း(၂)တွင်းအတွက် ကုန်ကျငွေကျပ် (၃၅)သန်းဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတွင် ထန်းကုန်းကျေးရွာအုပ်စု၊ ဝါးတောသာကျေးရွာတွင် စက်ရေတွင်း(၁)တွင်းနှင့် ညောင်စာရေးကျေးရွာအုပ်စု ညောင်စာရေးကျေးရွာတွင် စက်ရေတွင်း(၁)တွင်း စုစုပေါင်းစက်ရေတွင်း(၂)တွင်းအတွက် ကုန်ကျငွေကျပ်(၃၅)သန်းဖြင့် လည်းကောင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၏ **ကလေးမြို့နယ်ရှိ ကျေးရွာများ သောက်သုံးရေရရှိရေးနှင့် ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကလေးမြို့နယ်အတွင်း သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန် ကျေးရွာ(၅)ရွာအနက် (၅၆)မိုင်ကျေးရွာရေရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၄)လက်မစက်ရေတွင်းတူးဖော်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်(၈ ဒသမ ၃၈)သန်းဖြင့်လည်းကောင်း၊ မင်းလှကျေးရွာ ရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လည်းကောင်း၊ မှန်တောကျေးရွာ၊ ကန်ဦးကျေးရွာနှင့် နွားကျေးရွာရေရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် လည်းကောင်း လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကလေးမြို့နယ် ကျွန်းချောင်းကျေးရွာ အိမ်ခြေ(၄၉)အိမ်နှင့် မင်းလှ(အောင်မင်္ဂလာ)ရွာသစ် အိမ်ခြေ(၅၆)အိမ် စုစုပေါင်း(အိမ်ခြေ-၁၀၅)အိမ် ဆိုလာမီးလင်းရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်က ဖတ်ကြားရှင်းလင်းခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးပဥ္စမနေ့ကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမျိုးအောင်

ဦးဝင်းသန်း(သာပေါင်း)

လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခြင်းများအား လွှတ်တော်တွင် ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး၏ **"ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းဟောင်း၏ လမ်းဘေး ဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားရာတွင် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရန် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဥပဒေကို တိတိကျကျကျင့်သုံးလိုက်နာတာဝန်ခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေများကို အကြောင်းကြောင်းကြောင့် အခြားနည်းလမ်းအသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့်ညီညွတ်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ယခင်အစိုးရကာလက ယခင်ကာလဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် လက်ရှိအစိုးရ ကာလတွင် ဖြေရှင်းမပြီးပြတ်သေးသော လယ်ယာမြေ ပြဿနာများကို လေးနက်စွာ သင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေဖြင့် ဥပဒေနှင့်မညီညွတ်သော လယ်ယာမြေကို အခြားနည်းဖြင့်

ဒုတိယဝန်ကြီး ဦးအုန်းသန်း

အသုံးပြုမှုများ မပေါ်ပေါက်စေရေးအတွက် တိတိကျကျလိုက်နာကျင့်သုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်းကိုလည်း ၆-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ် သတင်းစာတွင် ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၅-၅-၂၀၁၃ ရက်စွဲပါ စာအမှတ် ၄/၂၂၀ (ဂ)(၆) (၆၃၀/၂၀၁၃)ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၉-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉ / အဖရ (၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံသို့ "လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နှင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနှင့် ကိုက်ညီမှုမရှိသည့် အသုံးပြုဆောင်ရွက်ထားရှိမှုများအပေါ်တွင် မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်ညီညွတ်စွာ အရေးယူဆောင်ရွက်သွားကြရန်" ညွှန်ကြားထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဦးမင်းဦး၏ မေးခွန်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်သည့် မေးခွန်းဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ ၁၂၂ အရ မေးမြန်းသည့် လုံးကောက်၊ ဖြေကြားသည့် လုံးကောက်နှင့် ဥက္ကဋ္ဌ၏ ပြောကြားချက်တို့ကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းသည့်အပြင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်လည်း ဖော်ပြရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

မေးခွန်းရှင် ဦးမင်းဦးက "ကျွန်တော်မေးခဲ့တဲ့ မေးခွန်းမျိုးကို အရင်ကလည်း လွှတ်တော်ကိုယ်စားလှယ်အချို့မေးခဲ့ဖူးပါတယ်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးမှာ ဈေးဆိုင်တွေ၊ အိမ်တွေ ဆောက်ထားတာတွေ့ရပါတယ်။ အချို့အိမ်တွေဆိုရင် လယ်ကွင်းထဲမှာဖြစ်နေတယ်။ ဒါ့အပြင် အုတ်တံတိုင်းတွေလည်း ခတ်ထားတယ်။ ဘာကြောင့် လယ်ကွင်းထဲမှာ အိမ်တွေဆောက်ခွင့်ပေးထားတာလဲ။ လယ်ယာမြေကိုလှုပ်ပြီး ခြံစည်းရိုးခတ်ထားတယ်။ အဲဒါတွေက လယ်မြေတွေကို နောင်တစ်ချိန် အိမ်ခြံမြေအဖြစ် ရောင်းချနိုင်ဖို့ ကြိုတင်စီစဉ်ထားတာပါ။ ဒါတွေက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက ပြဋ္ဌာန်းပေးထားတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနဲ့ ညီညွတ်မှုရှိရဲ့လားလို့ ဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ဦးမင်းဦး(ပဲခူး)

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **"မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အားတိုးမြှင့်ချထားပေးရန်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ်တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေး၍ ခေတ်မီထောက်လှမ်းမှု အထောက်အကူပစ္စည်းများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်အညီ ခေတ်မီရဲတပ်ဖွဲ့ဖြစ်လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံများအား ပြုပြင်ပြောင်းလဲတိုးချဲ့မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်းဖြစ်စေရန် ရဲတပ်ဖွဲ့အင်အားနှင့် နိုင်ငံလူဦးရေအချိုးညီစေရန် တပ်ဖွဲ့ဝင်အင်အားကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းလျက်ရှိပါကြောင်း။ မူဆယ်မြို့နယ်တွင် မူဆယ်မြို့နယ်ရဲတပ်မှူးရုံး၊ မူဆယ်မြို့မရဲစခန်း၊ ပန်ဆိုင်း(ကြူကုတ်)၊ မုံးပေါ်၊ မန့်ဟီးရိုး အပါအဝင် နယ်မြေရဲစခန်း(၃)ခုတို့ဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်း တပ်ဖွဲ့ဝင် (၂၄၀)ဦးသည် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

မူဆယ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့တွင် ဖွဲ့စည်းပုံခွင့်ပြုချက်အရ တပ်ဖွဲ့ဝင်စုစုပေါင်း(၂၃၁)ဦး ဖြစ်သော်လည်း နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ဝင်စုစုပေါင်း (၂၄၀)ဦး တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နယ်စပ်ဒေသရှိ မြို့နယ်များကို လုံခြုံရေးအတွက် နိုင်ငံတကာအဆင့်မီလက်နက်များကို တပ်ဆင်ရာတွင် မူဆယ်မြို့နယ်တွင် ခေတ်မီမောင်းပြန်သေနတ်များကို ဖွဲ့စည်းပုံနှင့်အညီ အချိုးကျတပ်ဆင်ပေးထားပြီးဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ CCTV အပါအဝင် ခေတ်မီထောက်လှမ်းရေး အထောက်အကူပစ္စည်းများ လောလောဆယ် တပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မေးခွန်းရှင် ဦးစိုင်းဝင်းမောင်က "မြန်မာနိုင်ငံမှာရှိတဲ့ မြို့တိုင်းမြို့တိုင်း လုံခြုံရေးတွေရှိပါတယ်။ ဒါပေမယ့် နယ်စပ်မြို့တွေကိုတော့ အခြားမြို့တွေထက် လုံခြုံရေး(၂)ဆ တိုးပြီး ချထားပေးသင့်တယ်လို့ ထင်ပါတယ်။ လူအင်အား တိုးချပေးတဲ့အပြင် တိုးပေးထားတဲ့ဝန်ထမ်းတွေကိုလည်း အရည်အချင်းပြည့်ဖို့ လိုပါတယ်။ ဒုတိယဝန်ကြီး ပြန်လည်ဖြေကြားတာနဲ့ပတ်သက်လို့ကတော့ မြို့ခံလူဦးရေနဲ့ ရဲတပ်ဖွဲ့ဝင်အင်အားဟာ အချိုးညီမျှတယ်လို့ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောခဲ့သလို နယ်စပ်မြို့ဖြစ်တဲ့ အခြားမြို့ထက် (၂)ဆချထားပေးသင့်တယ်လို့ ယူဆပါတယ်။ ထို့အပြင် ခေတ်မီလက်နက်တွေကိုလည်း တပ်ဆင်ပေးထားသင့်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် မေးခွန်း(၁)ခု၊ ပြည်ထဲရေးနှင့် သက်ဆိုင်သည့် မေးခွန်း(၂)ခုနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် မေးခွန်း(၂)ခုတို့ကို မေးမြန်းဖြေကြားခဲ့ကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၉-၃-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးနောက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် ၎င်းဥပဒေနှင့်အညီ ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမခြောက်လတာကာလ ကျော်လွန်လာခဲ့ပြီဖြစ်ပါကြောင်း၊ ပထမခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က သုံးသပ်စိစစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ [illegible]

[illegible]

ဈေးငွေတို့ကို စနစ်တကျသုံးသပ်၍ လက်ခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဈေးငွေများရယူရာတွင်လည်း မိမိနိုင်ငံ၏ စီးပွားရေးအင်အားအရ ပုံမှန်ပြန်လည်ပေးဆပ်နိုင်စွမ်းရှိ မရှိ၊ တွက်ခြေကိုက်ခြင်းရှိ မရှိ၊ ရေရှည်တွင် ဖြစ်လာမည့် ကြွေးမြီဝန်ထုပ်ဝန်ပိုးစသည့်အချက်များကို ထည့်သွင်းစဉ်းစားတွက်ချက်ပြီးမှ ရယူကြရမည်ဖြစ်ပါကြောင်း။

အသုံးစရိတ်များကို ခွဲဝေသုံးစွဲရာတွင် စီမံခန့်ခွဲအုပ်ချုပ်မှုနှင့်လုပ်ငန်းလည်ပတ်မှုတို့နှင့် သက်ဆိုင်သော သာမန်အသုံးစရိတ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ငွေလုံးငွေရင်းအသုံးစရိတ်များ၊ ဘဏ္ဍာငွေဖြည့်ဆည်းမှုနှင့် သက်ဆိုင်သောကြွေးမြီအသုံးစရိတ်များစသည့် အသုံးစရိတ်များကို အချိုးအစားမျှတအောင် ခွဲဝေချထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် သာမန်အသုံးစရိတ်ပိုင်းတွင် လက်ရှိအခြေအနေနှင့်လျော်ညီစွာ ပြင်ဆင်သတ်မှတ်သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်တွင် နိုင်ငံတော်ဘတ်ဂျက်မှသုံးစွဲနိုင်မှုအပြင် ပြည်ပအကူအညီ၊ ဈေးငွေ၊ ထောက်ပံ့ငွေဖြင့် သုံးစွဲနိုင်မှု၊ အစိုးရ ပုဂ္ဂလိကပူးတွဲဆောင်ရွက်မှု Public Private Partnership (PPP)တို့ဖြင့် ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နှစ်စဉ်စီမံကိန်းများ၊ နှစ်လတ်နှင့်နှစ်ရှည်စီမံကိန်းများ၊ ကဏ္ဍအလိုက်နှင့်ဒေသအလိုက် စီမံကိန်းရည်မှန်းချက်များကိုရရှိစေရန် အထောက်အကူပြုမည့် အသုံးစရိတ်များဖြစ်ရန်လိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အထောက်အကူပြုသော အသုံးစရိတ်များကို ဦးစားပေးရမည်ဖြစ်သကဲ့သို့ ဝင်ငွေရရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်း အသုံးစရိတ်များ၊ ကုန်သွယ်မှုအသုံးစရိတ်များကိုလည်း သုံးစွဲနိုင်ရန်စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားလာစေရေး၊ လူမှုဘဝလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များကိုလည်း အလေးထားခွဲဝေသုံးစွဲပေးရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သုံးစွဲငွေများကိုခွဲဝေပေးသော အသုံးစရိတ်သတ်မှတ်ချက်ဘောင်အတွင်း လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေအလွင့်မရှိစေဘဲထိရောက်စွာအသုံးပြုရန်နှင့် စာရင်းစစ်ဆေးမှုကို စနစ်တကျခံယူနိုင်ရေးအတွက် ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လိုအပ်သောပြုပြင်ပြောင်းလဲရေးများကို စနစ်တကျဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု နယ်ပယ်သည် ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအားလုံးနှင့်လည်း သက်ဆိုင်ပြီး ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဂျီဒီပီတိုးတက်မှုတို့အပေါ် ကြီးမားစွာထင်ဟပ်နေသကဲ့သို့ မိမိတို့အစိုးရ၏ ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည်လည်း နိုင်ငံတော်ဘတ်ဂျက်အပေါ် တည်မှီနေသည့်အတွက် မိမိတို့အားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်တင်ပြလာသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ပြုပြင်ပြီးအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုအဆင့် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအပေါ် စိစစ်ပြီးစီးမှုအခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုကို စိစစ်ခြင်းမပြုမီ ရှေးဦးစွာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကြိုတင်ညှိနှိုင်းစိစစ်ကြပါကြောင်း။

ယင်းသို့ ကြိုတင်ညှိနှိုင်းစိစစ်သော်လည်း ဌာနအသီးသီးမှ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုများနေဆဲဖြစ်ပြီး ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းမှာ လိုအပ်သော လိုငွေနှင့် ဂျီဒီပီအချိုးကို မရရှိနိုင်သည့်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ တစ်ဌာနချင်းအလိုက် ခေါ်ယူစိစစ်ခဲ့ပါကြောင်း။

စိစစ်ရာတွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအတွက် ချမှတ်ထားသော ဘဏ္ဍာရေးမူဘောင်အချက်များဖြစ်သည့် မူလခွင့်ပြုငွေလုပ်ငန်းထဲမှ နောက်ထပ်လိုအပ်သော၊ မပြီးပြတ်သော လုပ်ငန်းရန်ပုံငွေဖြစ်စေရန်၊ မူလခွင့်ပြုရန်ပုံငွေလုပ်ငန်းတွင် မပါသော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ သုံးစွဲရန်လိုအပ်သည့် လုပ်ငန်းဖြစ်ရန်၊ အသုံးပြုမည့်ကာလကျန် ၄၊ ၅ လ အတွင်း သုံးကုန်နိုင်ခြေရှိသည့် ရန်ပုံငွေကိုသာ တောင်းခံရန်၊ သုံးငွေပိုမိုတောင်းခံမှုရှိသကဲ့သို့ ဝန်ကြီးဌာန၏ရငွေများလည်း ပိုမိုရရှိအောင် ဆောင်ရွက်ရန်စသည့်အချက်များအပေါ် ကြိုတင်ရှင်းလင်းပြီး စိစစ်သည့်အတွက် အခက်အခဲမရှိ စိစစ်ပြီးစီးပြီးဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ မူလခန့်မှန်းခြေငွေစာရင်းမှ ရငွေ၊ သုံးငွေလိုငွေ၊ လိုငွေနှင့် ဂျီဒီပီ အချိုးကိုလည်းကောင်း၊ ယခုဖြည့်စွက်ရန်ပုံငွေတောင်းခံပြီး ဖြစ်ပေါ်လာသည့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းမှ ရငွေ သုံးငွေ လိုငွေ၊ လိုငွေနှင့် ဂျီဒီပီ အချိုးသည်လည်း သတ်မှတ်ထားသော အချိုးအတွင်းဖြစ်သည့် ၄ ဒသမ ၈၇ ရာခိုင်နှုန်းအတွင်း ရောက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်သည့်အခါ အချို့တိုင်းဒေသကြီးများအနေဖြင့် မူလခန့်မှန်းခြေပါ အသုံးစရိတ်များနီးပါး ထပ်မံတင်ပြတောင်းခံထားခြင်း၊ မူလခန့်မှန်းခြေတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းစီမံကိန်းသစ်များအတွက် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံမှုများပါဝင်ခြင်း၊ မူလခန့်မှန်းခြေ လိုငွေထက် လိုငွေများ တိုးမြင့်လာခြင်း စသည်တို့ကိုသုံးသပ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အားလုံးကို တစ်ပြေးညီ လျှော့ချစေခြင်းမျိုးမဟုတ်ဘဲ အချိုးအစားမျှတအောင် စိစစ်လျှော့ချခဲ့ခြင်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်းလိုငွေအပေါ် ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးငွေတို့ဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာငွေအရ အသုံးခွဲဝေမှု (Budget Sharing)အချိုးအစားများကို ယခုထက်ပိုမိုသင့်တင့်မျှတလာစေရန် သမ္မတရုံးဝန်ကြီးများ ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးမှုအပါအဝင် ပြည်ထောင်စု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို အတည်ပြုသင့်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုအပေါ် စိစစ်ခဲ့မှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငွေကြေးသုံးစွဲရာတွင် ဥပဒေနှင့်အညီ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျ စာရင်းရှင်းလင်းထားရန်၊ လစဉ်ငွေ စာရင်းရှင်းတမ်းများ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်၊ ငွေကြေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ရန်၊ ငွေကြေးနှင့်ပတ်သက်၍ မသမာမှု၊ အလွဲသုံးမှုများ မဖြစ်စေရေးစနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရေဝတီအနောက်ဘက်ခြမ်း ရထားလမ်းကွန်ရက် ရန်ကုန်နှင့် ဆက်စပ်မိတော့မည်

နေပြည်တော် အောက်တိုဘာ ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ လှိုင်သာယာ ဘူတာဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ရန်ကုန် - ပုသိမ်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်း တင်ပြခဲ့သည်။

ရထားလမ်းကွန်ရက်သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ဂန့်ဂေါ-ပခုက္ကူ-ကြံခင်း-ဟင်္သာတ-ဇလွန်-ညောင်တုန်းမှ လှိုင်သာယာအထိလည်းကောင်း၊ ပုသိမ်-အိမ်မဲ-ပန်းတနော်-ညောင်တုန်းမှ လှိုင်သာယာ အထိလည်းကောင်း ဆက်စပ်သွားလာနိုင်မည်ဖြစ်ပြီး ကလေး-တမူးလမ်းပိုင်း ဖောက်လုပ်ပြီးစီးပါက အိန္ဒိယနယ်စပ်မှ ရန်ကုန်ဒေသအထိ ခရီးသည်နှင့်ကုန်စည်များ သွားလာသယ်ပို့နိုင်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ စီမံကိန်းရထားလမ်း ၉၈ မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်လျာထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ ရေနက်ကွင်းများအား ဖြတ်သန်းဖောက်လုပ်ရခြင်းဖြစ်၍ မြေသားတာပေါင်များ၊ အက်ကွဲကြောင်းများနှင့် နိမ့်ကျွံကျမှုများအား Soil Treatment ဖြင့် တာပေါင်များကို ပြုပြင်ဆောင်ရွက်မှုအား၊ စနစ်တကျ အသေးစိတ်ဆောင်ရွက်ရန်၊ မိုးရာသီကာလရေတိုက်စားသဖြင့် တာပေါင်များ ပြိုကျပျက်စီးမှုများကို ကျောက်ကြီးများချ၍ ရေရှည်တွင် ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်နေသည့် နည်းလမ်းဖြင့်ဆောင်ရွက်သွားရန်နှင့် လမ်းခင်းကျောက်များ တန်ဖိုးကြီးသဖြင့် ကျောက်များဈေးနှုန်းမှန်ကန်စွာ ရရှိရေး၊ အလေအလွင့်မရှိထည့်သွင်းအသုံးပြုရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာဘူတာ ပင်မအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❍ ရာဇဂြိုဟ်မှ

၂၀၁၄-၂၀၁၅ တွင် စီမံကိန်းပြီးစီးပါက လယ်ယာမြေ ဧက ၈၅၀၀ ကို အပြည့်အဝရေပေးဝေနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ် အပြည့်အဝထွက်ရှိ၍ ကလေးမြို့သို့ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း ပြောသည်။ ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

☆ပညာရေးမှ

ထူးချွန်ပညာရှင် မွေးထုတ်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးစနစ် ပြင်ဆင်ရန် ဆောင်ရွက်နေခြင်း၊ တက္ကသိုလ်ပညာရပ် ဝန်းကျင်ကောင်းဖန်တီးခြင်း၊ တက္ကသိုလ်ပညာရေးတွင် အကျုံးဝင်ကြသော စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ခြင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လာ နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းခြင်းနှင့် အင်္ဂလိပ်စာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ ဥပဒေပညာနှင့် စီးပွားရေးပညာ ဘာသာရပ်များ သင်ကြားမှုမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်နေပါကြောင်း။

ထို့အတူ နိုင်ငံသားများ၏ စာရိတ္တကြံ့ခိုင်ရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကိုလည်း အခြေခံပညာ အတန်းအားလုံးတွင် သင်ကြားပေးနေပါကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင် သင်ကြားပေးသူ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အတုယူ စံထားလောက်သည့် ကိုယ်ကျင့်တရား ခိုင်မြဲရမည့်အပြင် ဝန်ထမ်းစည်းကမ်းကို လိုက်နာရာတွင်လည်း စံနမူနာပြဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများတွင်လည်း ဆရာ ဆရာမများက အများစုဖြစ်သည့်အတွက် ကျန်ဝန်ထမ်းများအပေါ် ဆရာ ဆရာမများ၏ နမူနာကောင်းများက ဖုံးလွှမ်းသွားလျှင် ဝန်ထမ်းထုအတွင်း စည်းကမ်းဖောက်မှု၊ လာဘ်ပေးလာဘ်ယူပြုမှု စသည်တို့ ကင်းရှင်းသွားနိုင်ပါကြောင်း၊ ယနေ့ စာရိတ္တနှင့် ပြည်သူ့နီတိသင်ကြားမှုကို ခံယူခဲ့ပြီး ဆရာ ဆရာမများထံမှ ကောင်းမွန်သော အမူအကျင့်များ ရရှိမှသာ ၎င်းတို့တစ်တွေ နိုင်ငံ့တာဝန် ထမ်းဆောင်သည့်အခါ စည်းကမ်းပြည့်ဝပြီး လာဘ်ပေးလာဘ်ယူကင်းစင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပညာရေးနှင့် သက်ဆိုင်သူ အားလုံးပါဝင်နိုင်ရေးအတွက် အငြိမ်းစားပညာရှင်ကြီးများ၏ အကြံဉာဏ်ကို ဆွေးနွေးပွဲများတွင် အကြိမ်ကြိမ် ကျင်းပရယူခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဦးစီးဌာနအဆင့်၊ ဒေသန္တရအဆင့်၊ အမျိုးသားအဆင့် စသဖြင့် အဆင့်အသီးသီးတွင် ပညာရေးကဏ္ဍမြှင့်တင်ရေး ဆွေးနွေးပွဲများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ပပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည့် နယ်ပယ်အသီးသီးက ပါဝင်ဆွေးနွေးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး Comprehensive Education Sector Review (CESR) လုပ်ငန်းတွင် ပညာရေးကဏ္ဍ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ရာ၌ အဆင့်(၂) ကို ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်အတွင်း အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိဘပြည်သူများအားလုံး တက်ကြွစွာပါဝင်ပြီး ပညာရေးဥပဒေများ ရေးဆွဲမှု၊ အကြံဉာဏ်ပြုမှု၊ အကူအညီပေးမှုများအား ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း။

နိုင်ငံ့ဖွံ့ဖြိုးမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော ပညာရေးကို မိမိတို့ ယခုအခြေအနေလောက်နှင့် ကျေနပ်နေ၍ မဖြစ်ပါကြောင်း၊ နိုင်ငံတကာစံမီပညာရေးဖြစ်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှုသက်တမ်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးသို့ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် မိမိတို့အစိုးရ မျှော်မှန်းသော အမျိုးသားဖွံ့ဖြိုးတိုးတက်မှုသည် Environmentally Sustainable ဖြစ်ရမည်။ Socially Sustainable ဖြစ်ရမည်။ Economically Sustainable ဖြစ်ရမည်ဆိုသော အခြေခံမူဝါဒကြီး (၃) ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါသည်ဟု ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထိုအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ (၃) ရပ်သည် နိုင်ငံတကာတွင် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေရသော ပညာရေးမူဝါဒနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ပညာရေးမူဝါဒနှင့် တစ်ထပ်တည်း ဖြစ်ပါကြောင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာရေးဖြစ်ခြင်းကြောင့် ယနေ့မှစ၍ ရှေ့ဆက်ဖော်ဆောင်ရမည့် မြန်မာ့အမျိုးသားပညာရေးသည် မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိသည့် ပညာရေး (Education for Sustainable Development)ဆိုသည့် နိုင်ငံတကာအဆင့် ခေတ်မီပညာရေးလမ်းကြောင်းပေါ် တက်ပြီး လျှောက်လှမ်းနိုင်မည့် ပညာရေး ဖြစ်ကိုဖြစ်ရမည်ဖြစ်ပါကြောင်း။

၎င်းနှင့်အတူ ထိုစဉ်က ဆက်လက်ပြောကြားခဲ့သည်မှာ Globalization နှင့် ပြတ်ကျန်ခဲ့သော မိမိတို့နိုင်ငံသည် ခေတ်သစ် စနစ်သစ်တွင် နိုင်ငံတကာနှင့် ပိုမိုပေါင်းစည်းရေး ကြိုးပမ်းရာ၌ မိမိတို့ ဘိုးဘေးဘီဘင်များ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာ၊ အနုပညာ၊ သဘင်၊ စာပေ၊ ဂီတ၊ သုခုမ စသော မြန်မာ့တန်ဖိုးများ ပျောက်ပျက်မသွားစေရန် မိမိတို့ တိုင်းရင်းသားအားလုံးတွင် ရှိသည့် မြန်မာ့တန်ဖိုး Soft Power ကို ပိုမိုခိုင်မာ အားကောင်းလာအောင် ဆောင်ရွက်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ဘိုးဘွားအမွေအနှစ် အစစ်ဖြစ်သော နိုင်ငံနှင့် လူမျိုးကိုချစ်ပြီး မြှင့်တင်လိုစိတ်ကြီးမားမှုနှင့် တန်ဖိုးကြီးမားသော ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုပညာတန်ဖိုးများကို အခြား ယဉ်ကျေးမှုများက ကျူးကျော်ဝင်ရောက်ဖျက်ဆီးလာလျှင် ကြံ့ကြံ့ခံတွန်းလှန်ပြီး ထိန်းသိမ်းမြှင့်တင်နိုင်သည့် မြန်မာ့ပညာရေးဖြစ်ရန် အရေးတကြီးလိုအပ်သည်ဟု ပြောကြားလိုပါကြောင်း၊ မိမိ၏ ယင်းနှိုးဆော်ချက်သည် ကိုယ့်ရဲ့ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းပြီး လက်ဆင့်ကမ်းခဲ့သော ဘိုးဘွားအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်မားသည့် ဘိုးဘွားအမွေအနှစ်များကို နောက်မျိုးဆက်များအား လက်ဆင့်ကမ်းပေးရန်နှင့် လက်ဆင့်ကမ်းနိုင်စွမ်းရှိသည့်သူများ မွေးထုတ်ရန်ဆိုသော သမိုင်းစဉ်ဆက် တည်တံ့လာသည့် ပညာရေး၏ အဓိကရည်ရွယ်ချက် (၂)ချက်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်မည်ဟုဆိုလိုခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ခွန်အားသစ်များဖြစ်သော ကျောင်းသား ကျောင်းသူများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်သုံးသပ်ပြီး မှန်ကန်စွာဆုံးဖြတ်နိုင်မှု၊ စနစ်တကျ ပြဿနာ ဖြေရှင်းနိုင်မှု စသည့် လူ့တန်ဖိုးများပြည့်ဝလာပြီး နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်ရေး၊ စာရိတ္တမြင့်မားမှုနှင့် ဥပဒေစည်းကမ်း လေးစားလိုက်နာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကိုလည်း ပညာရေးကအလေးထား အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် ခေတ်မီစီးပွားရေးလုပ်ငန်းများတွင် ဝါသနာပါရာ ကျွမ်းကျင်ရာ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အနာဂတ်နိုင်ငံတော်ကိုပုံဖော်ရာတွင် ပါဝင်နိုင်သည့်စွမ်းအားစုဖြစ်သော အလယ်အလတ်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းရေးကိုလည်း လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ထိရောက်သော သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများ၊ အခြေခံအဆောက်အအုံများနှင့် ခေတ်မီအရည်အသွေးအကဲဖြတ်မှုများဖြင့် လေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ လေ့ကျင့်ပေးရာတွင် ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားမှုအတွက်လည်း အဘက်ဘက်မှ ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာကျွမ်းကျင်သူ ပညာရှင်များနှင့် နည်းပညာများကိုလည်း ပေါင်းစပ်အသုံးပြုသွားရန် ဖြစ်ပါကြောင်း။

မိမိတို့ ပညာရေးမှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်များသည် အနာဂတ်ဒီမိုကရေစီမြန်မာ့လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်မည့် နိုင်ငံကြီးသားပီသသူ၊ ဗလငါးတန်ပြည့်ဝသူများနှင့် ပညာရပ်တစ်ခုခုကို တတ်သိကျွမ်းကျင်ပြီး တီထွင်ဖန်တီးနိုင်စွမ်းရှိသူများဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပညာရေးကဏ္ဍတွင် ကောင်းမွန်သောအချက်များ ရှိသကဲ့သို့ အားနည်းချက်များ၊ ချွတ်ယွင်းချက်များ၊ ပြုပြင်ရမည့်အချက်များ များစွာရှိနေပါကြောင်း၊ မူကောင်းပြီး လူလည်းကောင်းအောင် ပြုပြင်ရပါမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးတွင် အတွေ့အကြုံရှိသည့် ပညာရှင်များ၏ နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် ပညာရေးအခန်းကဏ္ဍကို လက်ရှိအခြေအနေထက်ပိုကောင်းအောင် ဖော်ဆောင်နိုင်မည့် အကြံဉာဏ်များကို ယခုလက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ဖိတ်ခေါ်ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် မိမိတို့၏ အတွေ့အကြုံများအား အခြေခံသည့် အမြင်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် ပညာရှင်များ၏ အကြံဉာဏ်ကို စုစည်းပြီး ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ Action Plan များ ရေးဆွဲရန်အတွက် မြန်မာ့ပညာရေး မြှင့်တင်ရေးအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပြီး အမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ပညာရေးသည် နိုင်ငံသားအားလုံး၏ လက်ရှိနှင့် အနာဂတ်အရေးဖြစ်သည့်အတွက် ယခုဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်ကောင်းများကို အလေးအနက်ထားပြီး နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခေတ်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

ယနေ့ အခမ်းအနားတွင် စာတမ်းရှင် ဦးဇော်ဌေး (ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည်)က ပညာရေးဆိုင်ရာမူဝါဒစာတမ်းကို လည်းကောင်း၊ စာတမ်းရှင် ဦးသန်းဦး (ပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင်)က အမျိုးသားပညာရေးဥပဒေနှင့် အခြေခံပညာရေးကဏ္ဍစာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဒေါက်တာမောင်သင်း (ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ်)က အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေးကဏ္ဍစာတမ်းကို လည်းကောင်း၊ စာတမ်းရှင် ဦးညီလှုငယ်(ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ အမျိုးသားအကြံပေး)က အမျိုးသားပညာရေးဥပဒေနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် နိုင်ငံတကာပညာရေးကဏ္ဍစာတမ်းကို လည်းကောင်း၊ ဒေါက်တာအောင်ထွန်းသက် (နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်)က အမျိုးသားပညာရေးဥပဒေနှင့် ကောင်းမွန်သော ပညာရေးစနစ်နှင့်သန့်ရှင်းသော ပညာရေးစနစ်ဖြစ်ရေးစာတမ်းကို လည်းကောင်း၊ စာတမ်းရှင် ဦးတင်ညို (မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အဖွဲ့ဝင်)က ပညာရေးအရည်အသွေး အာမခံချက် စာတမ်းကိုလည်းကောင်း ဖတ်ကြားကြရာ ဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဒေါက်တာ ထူးထူးအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာ ဒေါ်မြမြဦး၊ ဒေါက်တာတင်မောင်သန်း၊ ဒေါက်တာ သန်းဇော်မြင့်၊ ဦးလူနီ၊ ဒေါက်တာဒေါ်ခင်မာထွန်း၊ ဒေါက်တာ သက်လွင်၊ ဦးအောင်မျိုးမင်း၊ ဒေါက်တာမောင်သိန်းတို့က သက်ဆိုင်ရာစာတမ်းများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာဖော်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ အမတ္တာကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် မစ္စတာဗီခရွန်ခရိုမာဒစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်ကော်မတီ အဖွဲ့ဝင် ဦးဖေသောင်း၊ ဦးလှမောင်၊ ဦးစောသန်းထွန်း၊ ဦးမောင်ကျော်၊ ဦးလှစိုး၊ ဦးသော်ဇင်ဦးနှင့် ဦးစိုင်းကျော်ဇောသန်းတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် အမတ္တာကော်ပိုရေးရှင်းအနေဖြင့် မြန်မာ နိုင်ငံနှင့်ပူးပေါင်းကာ စက်မှုဇုန်တည်ဆောက်ရေး လုပ်ငန်းများ လျင်မြန်စွာစတင်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများ၊ ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိနိုင်မည့် နည်းပညာများဖြင့် ဆောင်ရွက်သွားရေးဆိုင်ရာများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများနှင့် မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများကြီးပွားတိုးတက်အောင်မြင်စေရေး၊ နှစ်နိုင်ငံ ပြည်သူချင်း ပိုမိုရင်းနှီးချစ်ခင်မှုပေါ်ပေါက်လာစေရေး ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ထိန်းသိမ်းခံအချုပ်သားများကို ရိုက်နှက်စစ်ကြောခဲ့သူ နှစ်ဦးကို အရေးယူထား

နေပြည်တော် အောက်တိုဘာ ၇

ရခိုင်ပြည်နယ် သံတွဲမြို့တွင်ဖြစ်ပွားခဲ့သည့် မီးရှို့၊ ဆူပူ၊ လှုံ့ဆော်မှုများနှင့်ပတ်သက်၍ သံတွဲအကျဉ်းထောင်တွင် ထိန်းသိမ်းထားသူသုံးဦးအား ယခုနှစ် ဇူလိုင် ၆ ရက် ည ၈ နာရီမှ ည ၁၀ နာရီအတွင်း နှစ်ဦးက စစ်ဆေးမေးမြန်း ရိုက်နှက်စစ်ဆေးခဲ့ကြောင်း သိရှိရသဖြင့် အချုပ်သားများအပေါ် ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်း မပြုရန် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့သည့် အဆိုပါ နှစ်ဦးအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မြည်တွင်းရေးရာ

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်သော မြေယာကိစ္စနှင့်ပတ်သက်၍ ရာနှုန်းပြည့် ပြီးပြတ်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ ဝန်ကြီးဌာနနှင့် သက်ဆိုင်သော မြေယာကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုလွှတ်တော်မှ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် အစီရင်ခံစာနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းများကို အဓိကဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၏ မြေပြင်လက်ရှိဆောင်ရွက်နေမှုများကို အမှုတစ်ခုချင်းစီအလိုက်၊ ဒေသအလိုက် မှတ်တမ်းများ စနစ်တကျထားရှိပြီး နိုင်ငံတော်အစိုးရသို့ အစီရင်ခံစာများပြုစုတင်ပြရန်နှင့် အဆင့်ဆင့်ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများဖြင့်ကိုက်ညီစွာ လုပ်ငန်းရပ်များအလိုက် တစ်ခုချင်းစီကို လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများဖြင့် ပြီးစီးအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအသီးသီးက တိုက်ရိုက်ဖြေရှင်းဆောင်ရွက်ကြရမည့် လယ်ယာမြေဆိုင်ရာကိစ္စရပ်များအနက် မိမိတို့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုက်ရိုက်ပါဝင်ဆက်နွှယ်နေသော စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့က ယခုလအတွင်း ရာနှုန်းပြည့်ပြီးပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်း (ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ)၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လုပ်ငန်းများနှောင့်နှေးမှုမရှိစေဘဲ ဥပဒေနှင့်အညီ ဖြေရှင်းရေး၊ ပြီးစီးမှုအခြေအနေကို အစိုးရအဖွဲ့ထံ အစီရင်ခံစာတင်ပြရေးနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များထံ ညှိနှိုင်းတင်ပြရန်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်သားပန်းပုလက်ရာ အပြောက်အမွမ်းများကြောင့် ထင်ရှားသည့် မြန်မာ့ရှေးဟောင်းအမွေအနှစ်

မန္တလေး အောက်တိုဘာ ၇

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ သည် အောက်တိုဘာ ၅ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေး ယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေနန်းတော်ကျောင်း (ရွှေကျောင်း) ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်နိုင်ငံ World Monuments Fund အဖွဲ့မှ Mr.Jeff Allen ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သည် ရတနာပုံခေတ် ဘုန်းတော်ကြီးကျောင်းများအနက် သစ်သားပန်းပုလက်ရာ အပြောက်အမွမ်းများကြောင့် ထင်ရှားသည့် မြန်မာ့ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ ရွှေနန်းတော်ကျောင်းကို အမေရိကန်နိုင်ငံမှ World Monuments Fund နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့ ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် နည်းပညာအသစ်များ၊ အတွေ့အကြုံများရရှိစေပြီး ကမ္ဘာကသိရှိလာစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မကြန့်ကြာစေရေးအတွက် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများဖြင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းဝမြို့ဟောင်းသို့ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်အတွက် ထိန်းသိမ်း ကာကွယ်ထားရှိမှုနှင့် ဧရာဝတီမြစ်ရေကြီးမှုကြောင့် အင်းဝမြို့ဟောင်း စန္ဒပူရီရေတံခါးပေါက်အနီး မြို့ရိုးဟောင်းတာကျိုး၍ မြစ်ရေဝင်ရောက်မှု အခြေအနေများကို သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၆ ရက်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အေဒီ ၁၃ ရာစုတွင် နားတောင်းများမင်းကြီး တည်ထားခဲ့သော စေတနာကြီးဘုရားနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ခေတ်နှင့်အညီဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် မန္တလေးမြို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးရုံး အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ပြောင်းလဲလျက်ရှိသည့် ခေတ်၊ စနစ်နှင့်အညီ လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအလေးထားကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ယခုအချိန်ထိ ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၂၁၄ ခု တို့ကို ယမန်နှစ်ကထက် ၃ ဒသမ ၁၃ ဆတိုးမြှင့်ပြီး စုစုပေါင်းကျပ် သန်းပေါင်း ၁၇၁၆ ဒသမ ၀၄ သန်း တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားတွင် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ၁၁၃၈ ဒသမ ၂၇ သိန်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ၁၆၁ ဒသမ ၉၆ သိန်း ထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်သမ္မတ ချမှတ်ထားသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပူးပေါင်းပြီး လူမှုရေးလိုအပ်ချက်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပိုမိုစိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က တိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာများ၊ ဂေဟာများ၊ မူလတန်းကြိုကျောင်းများ၊ ရေဘေးသင့် ပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၁၂၉၉ ဒသမ ၉၆ သိန်းအား ထောက်ပံ့ပေးအပ်ကြသည်။

(သတင်းစဉ်)



မြင်းမူမြို့မဈေးကွေ့ ခရီးသည်တင်ယာဉ်များ ရပ်ချင်သလိုရပ်၍ ခရီးသွားပြည်သူများ အခက်တွေ့

မြင်းမူ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင်းရှိ မုံရွာ-မန္တလေးကားလမ်း ဝဲဘက်ခြမ်းတွင် မြင်းမူမြို့မဈေး ရှိသည်။ မန္တလေးဘက်သွားလျှင် မြို့မဈေးအရှေ့ဘက်ကွေ့ ယာဘက်ခြမ်းမှ သွားရသည်။ မုံရွာဘက်မှ ထွက်လာသည့် ကားများနှင့် မြင်းမူကားများသည် ယာခြမ်းရှိ ဆိုင်များရှေ့ပိတ်ရပ်၍ ခရီးသည်စောင့်တင်ခြင်း၊ ကြာလာလျှင် ဆိုင်ရှင်က ကားလေး ရှေ့နည်းနည်းရွှေ့ပေးဟုပြောလျှင် ဘုကြည့်ကြည့်ခြင်း၊ မချေမငံ မကြားတကြား ပြောခြင်းတို့ကြောင့် စိတ်အနှောင့် အယှက်ဖြစ်ကြရသည်။

မြို့မဈေးကွေ့ဝဲဘက်ခြမ်း၊ ယာဘက်ခြမ်းရှိ လမ်းပလက်ဖောင်းဘေးတွင် စက်ဘီး၊ ဆိုင်ကယ်များ ထောင်ထားခြင်း၊ ဘေးကားများစီတန်းရပ်ထားခြင်း၊ နောက်က ထပ်ရောက်လာသည့်ကားက ဘေးချင်းယှဉ်ကာ ထပ်ရပ်ခြင်း၊ ကွေ့၌ မှန်လုံကားက ကားခေါင်းယာခြမ်းထဲ တိုးဝင်ရုံဝင်ပြီး ကားနောက်ပိုင်း ကန့်လန့်ဖြတ်ရပ်ပြီး လူအတင်အချ လုပ်သဖြင့် လာသည့် ဆိုင်ကယ်၊ ကားတို့ဖြင့် တိုက်နိုင်ပါသည်။

“ဒီဈေးကွေ့က ဈေးအဖိတ်နေ့၊ ဥပုသ်ထွက်တဲ့နေ့၊ ရုံးဖွင့်ရက်၊ ကျောင်းဖွင့်ရက်ဆိုရင် မနက်တိုင်း အရမ်းရှုပ်တယ်၊ စက်ဘီး၊ ဆိုင်ကယ်၊ ခြေကျင်လျှောက်ပြီး ဈေးဝယ်လာသူတွေ၊ ပြည်သူတွေအတွက် ယာဉ်အန္တရာယ်သိပ်များတယ်၊ ဒီနေရာမှာ နေ့စဉ် ယာဉ်ထိန်းရဲတစ်ယောက် လောက်တော့ရှိနေသင့်တယ်၊ သူတို့ရှိတော့ တော်သေးတာပေါ့”ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက သူ့အမြင်ကို ပြောပြသည်။ **(အပေါ်ဝဲပုံ)**

ကျောင်းသား ကျောင်းသူများ၊ ဈေးဝယ်လာသူများ၊ ပြည်သူများ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် မြို့မဈေးအနီးတစ်ဝိုက် ဖြူနီကျားတွင် ယာဉ်မရပ်ရန် သက်ဆိုင်ရာမှ ထိန်းသိမ်းသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

ကိုကိုနိုင်(မြင်းမူ)

တောင်သူများ လုပ်ငန်းအောင်မြင် စပါးခြွေလှေ့စက်များ အဝယ်လိုက်

ရေတာရှည် အောက်တိုဘာ ၇

လက်မှုလယ်ယာမှသည် စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းလျက်ရှိသော စပါးစိုက်တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လာသည်နှင့်အမျှ လယ်ယာလုပ်ငန်းသုံးခြွေလှေ့စက်များကို ယခင်ကထက် ပိုမိုဝယ်ယူသုံးစွဲလျက်ရှိသည်။

ယခင်နှစ်များကထက် စပါးအထွက်နှုန်းကောင်းမွန်ပြီး စပါးဈေး တင်း ၁၀၀လျှင် ငါးသိန်းဝန်းကျင်ပေါက်ဈေးရှိပြီး မြေကြီးက ရွှေသီးဆိုသလို တောင်သူများ အမှန်ပင်ဝင်ငွေကောင်းခဲ့သည်။ နိုင်ငံတော်မှလည်း စိုက်ပျိုးစရိတ်ချေးငွေများကိုထုတ်ပေးခဲ့သဖြင့် အရင်းအနှီးနှင့် လုပ်ငန်းလည်ပတ်မှုပိုမိုကောင်းမွန်ကာ လယ်ယာသုံးပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်သည်။ ထွန်ယက်ရာ၌ ကျွဲ၊ နွားများအစား လက်တွန်းထွန်စက်များ၊ မြေတလင်းတွင် စပါးနယ်လှေ့သည့်စနစ်မှ ခြွေလှေ့စက်များ အစားဝင်ရောက်လာပြီး တလင်းပျောက်စနစ်ကို အသုံးပြုလာကြ၍ အချိန်တိုကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ တောင်သူများ အဓိကလိုအပ်သည့် ခြွေလှေ့စက်များကို ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတွင် အဓိကထုတ်လုပ်ပြီး ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကယားပြည်နယ်အထိဖြန့်ဖြူးရောင်းချလျက်ရှိသည်။ အဆိုပါကျေးရွာတွင် ခြွေလှေ့စက် တပ်ဆင်ထုတ်လုပ်သည့်အလုပ်ရုံ ရှစ်ရုံရှိပြီး နှစ်ပတ်လည်လျှင် စက်အလုံးရေ ၃၀၀ ကျော် ရောင်းချရကြောင်း ဇူဇူးခြွေလှေ့စက်အလုပ်ရုံမှ ကိုကျော်မိုးကပြောပြသည်။

ကိုလွင်(ဆွာ)

ပဲခူးမြို့ ရှောင်လမ်းဖောက်လုပ်

ပဲခူး အောက်တိုဘာ ၇

ပဲခူးမြို့တွင် မြို့ရှောင်လမ်းကို မက်စ်မြန်မာကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီမှ ဘီအိုတီစနစ်ဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ မြို့ရှောင်လမ်းမှာ ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ် (၄၅/၁) စာကလေးကွင်းရွာ(ပဲခူးတက္ကသိုလ်ရှေ့)မှစတင်ခွဲထွက်ပြီး မိုင်တိုင်အမှတ် (၅၆/၆) ကလိကျေးရွာတွင် ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် ပြန်ဆုံမည်ဖြစ်ပြီး ၁၁ မိုင် ၅ ဖာလုံရှည်လျားမည်ဖြစ်သည်။

ဘုရားသုံးဆူကျေးရွာ၊ ကျောက်တိုင်ကန်ကျေးရွာ၊ ဥဿာမြို့သစ်အနောက်ခြမ်းနှင့် စာကလေးကွင်းကျေးရွာ အရှေ့ခြမ်းတို့ကို ဖြတ်သန်းမည်ဖြစ်သည်။ လမ်းမှာ အကျယ် ၂၄ ပေ၊ အရှည် ပေ ၃၄၀ရှိ ကတ္တရာလမ်းဖြစ်ပြီး ပဲခူးမြစ်ကူးသံကူကွန်ကရစ်တံတားကြီးတစ်စင်းပါဝင်မည်ဖြစ်သည်။ မြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပါက အဝေးပြေးကုန်တင်ယာဉ်နှင့် လူစီးယာဉ်များကို မြို့တွင်းသို့မဝင်စေဘဲ မြို့ရှောင်လမ်းမှဖြတ်သန်းစေမည်ဖြစ်ရာ ပဲခူးမြို့လယ်ယာဉ်ကြောကျပ်တည်းမှုကို လျော့ကျစေမည်ဖြစ်ကြောင်း သိရသည်။

(၅၇၈)

အေပက်အဖွဲ့၏ နှစ်ပတ်လည် ထိပ်သီးညီလာခံ ကျင်းပစဉ်။

အေပက်အဖွဲ့၏ညီလာခံ ဘာလီ၌ဖွင့်လှစ် အမေရိကန်နှင့်ရုရှား နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ

ဘာလီ အောက်တိုဘာ ၇

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ၏ အပန်းဖြေစခန်းတည်ရှိရာ ဘာလီကျွန်း၌ အောက်တိုဘာ ၆ရက်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အေပက်ညီလာခံသို့ ဒေသဆိုင်ရာနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် စီးပွားရေးဆိုင်ရာခေါင်းဆောင်များ စုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ယခုနှစ်၏ အာရှ-ပစိဖိတ်ခေါင်းဆောင်များ၏ နှစ်ပတ်လည်ထိပ်သီးညီလာခံကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ အမေရိကန်သမ္မတဘာရက်အိုဘားမား တက်ရောက်နိုင်ခြင်းမရှိပေ။ အမေရိကန်အစိုးရအဖွဲ့၏ ဘတ်ဂျက်ကို ကွန်ဂရက်လွှတ်တော်က အတည်ပြုနိုင်ခြင်းမရှိသည့်အတွက် ဘတ်ဂျက်ကိစ္စဖြင့် အလုပ်များနေသော အိုဘားမားမှာ အေပက်ထိပ်သီးအစည်းအဝေးတက်ရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။

အေပက်ထိပ်သီးညီလာခံ ကျင်းပချိန်ကာလအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့တို့ အောက်တိုဘာ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်များ ဖျက်သိမ်းရန် သဘောတူညီခဲ့ကြပြီးချိန်နောက်ပိုင်း အမေရိကန်နှင့် ရုရှားနိုင်ငံအကြား အဆင့်မြင့်တာဝန်ရှိသူများ၏ ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။**ရိုက်တာ။**

ပင်လယ်ပြင်အငြင်းပွားမှု၌ အုပ်စုမဖွဲ့ရန် ကန်၊ ဂျပန်၊ ဩစတြေးလျတို့ကို တရုတ်သတိပေး

ရှန်ဟိုင်း အောက်တိုဘာ ၇

တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်အတွင်းမှ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများအပေါ် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ၎င်းတို့၏မဟာမိတ်အုပ်စုကို အသုံးမချရန် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့အား တရုတ်နိုင်ငံက တနင်္လာနေ့တွင် သတိပေးပြီး ပြင်းထန်နေသည့် ဒေသတွင်းတင်းမာမှုများမှ လက်ရှောင်ကြရန်လည်း ၎င်းတို့ကို တိုက်တွန်းလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသော ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီရှော့၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့သည် သုံးနိုင်ငံ မဟာဗျူဟာ ဆွေးနွေးပွဲတွင် ပင်လယ်ရေပြင်ဆိုင်ရာ အငြင်းပွားမှုများကို တင်ပြခဲ့ကြသည်။

တရုတ်ဘာသာဖြင့် ဒိုင်အိုယု၊ ဂျပန်ဘာသာဖြင့် ရှင်ကာကူဟုခေါ်သော အရှေ့တရုတ်ပင်လယ်အတွင်းရှိ လူနေထိုင်ခြင်းမရှိသောကျွန်းများကို ပိုင်ဆိုင်ကြောင်း အငြင်းပွားရာမှ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ မကြာမီနှစ်များအတွင်းက ဆိုးရွားလာခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း၌ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ ဘရူနိုင်းနှင့် တရုတ်နိုင်ငံတို့သည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ကြွယ်ဝဖွယ်ရှိသော ကျွန်းစုများကို ပိုင်ဆိုင်ကြောင်း အချိန်ကာလကြာမြင့်စွာကပင် အငြင်းပွားလျက်ရှိသည်။

အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့၏ ဆွေးနွေးပွဲအပြီးထုတ်ပြန်သော ပူးတွဲကြေညာချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဝက်ဆိုက်၌ ဖော်ပြထားရာ အရှေ့တရုတ်ပင်လယ်အတွင်း ရှိရင်းစွဲအခြေအနေကို ပြောင်းလဲသွားစေနိုင်သော နိုင်လိုမင်းထက် ခြိမ်းခြောက်မှုသို့မဟုတ် တစ်ဖက်သတ် အရေးယူဆောင်ရွက်မှုကို ဆန့်ကျင်ကြောင်းနှင့် တောင်တရုတ်ပင်လယ်အတွင်း ရေပြင်ပိုင်ဆိုင်မှုအငြင်းပွားမှုတွင် ပိုင်ဆိုင်ကြောင်း တောင်းဆိုကြသော နိုင်ငံများကို တည်ငြိမ်မှုပျက်ပြားစေသည့်အပြုအမူများမှ လက်ရှောင်ကြရန် တောင်းဆိုသည်။**ရိုက်တာ။**

ဗီယက်နမ်စစ်သူရဲကောင်းအတွက် ပြည်သူများ ဝမ်းနည်းပူဆွေး

ဟန္နိုင်း အောက်တိုဘာ ၇

ဗီယက်နမ်ပြည်သူများသည် ကွယ်လွန်သူ စစ်သူရဲကောင်း ဗိုလ်ချုပ်ကြီးဗိုငုယင်ဇပ်အား ဂါရဝပြုရန် ဟန္နိုင်းမြို့ရှိ ၎င်း၏နေအိမ်ရှေ့တွင် တန်းစီစောင့်ဆိုင်းခဲ့ကြကြောင်း အောက်တိုဘာ ၆ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ဗိုလ်ချုပ်ကြီးဗိုငုယင်ဇပ်(၁၀၂နှစ်)သည် ပြင်သစ်နှင့် အမေရိကန်တို့၏ ကျူးကျော်သိမ်းပိုက်မှုများအား ဆန့်ကျင်ရာတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး အောက်တိုဘာ ၄ရက်တွင် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးအတွက် နိုင်ငံတော်ဈာပနအခမ်းအနားကို လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပသွားရန် ဗီယက်နမ်အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်ကြီးဗိုငုယင်ဇပ်၏ မွေးရပ်ဇာတိမြေ ကွမ်ဘင်းပြည်နယ်၌ လာမည့်တနင်္ဂနွေနေ့တွင် ၎င်း၏ရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနများက ဖော်ပြသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ် နှစ်ဦးသေဆုံး၊ လူငါးသိန်းကျော်ကို ရွှေ့ပြောင်းပေးခဲ့ရ

ပေကျင်း အောက်တိုဘာ ၇

တရုတ်နိုင်ငံအရှေ့ပိုင်းဒေသ၌ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် နှစ်ဦးထက်မနည်း သေဆုံးကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရပြီး ရထားနှင့်လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ဖူတင့်မြို့သို့ တိုင်ဖုန်းမုန်တိုင်း စတင်ဝင်ရောက်ခဲ့သည်။ တစ်နာရီလျှင် ၁၅၁ကီလိုမီတာနှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့ပြီး နိုင်ငံအရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မည်ဟု အမျိုးသားမိုးလေဝသဌာနက သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် ပင်လယ်ပြင်အတွင်းရောက်ရှိနေသော ငါးဖမ်းစက်လှေများကို ကမ်းခြေသို့ပြန်လာရန် တာဝန်ရှိသူများက နှိုးဆော်ခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းဒေသ၌နေထိုင်သူ ပြည်သူငါးသိန်းကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

တိုင်ဖုန်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ဝင်ရောက်ခဲ့ပြီးနောက်ပိုင်းတွင် အားပျော့ပျက်ပြယ်သွားခဲ့သည်။ ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှု ၂၃ ကြိမ် ရှိခဲ့ပြီဖြစ်သည်။ **ပီတီအိုင်။**

ပင်လယ်ပြင်အတွင်း ရှိနေသော ရေလုပ်သားများ ကမ်းခြေသို့ ပြန်လာနိုင်ရန် တပ်ဖွဲ့ဝင်များက ကူညီကြစဉ်။

နိုင်ငံတကာအသင်းများနှင့် ခြေစမ်းမည့် ယူ–၂၃အသင်း

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီတွင် နိုင်ငံတကာအသင်းများနှင့် ခြေစမ်းပွဲ ၁၀ ပွဲအထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ ယူ-၂၃ အသင်းသည် အောက်တိုဘာ ၁၅ ရက်တွင် ဗီယက်နမ်လက်ရွေးစင် ယူ-၂၃ အသင်းနှင့် ရန်ကုန် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်ကာ အောက်တိုဘာ ၁၇ ရက်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ Joint Training သွားရောက်ပြုလုပ်မည်ဖြစ်သည်။ အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကြာမြင့်မည့် အဆိုပါခရီးစဉ်တွင် တောင်ကိုရီးယား၌ ခြေစမ်းပွဲလေးပွဲ၊ ဂျပန်၌ ခြေစမ်းပွဲလေးပွဲကစားရန် စီစဉ်ထားရှိကာ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပြီး နိုဝင်ဘာတတိယပတ်တွင် ဂျပန်အိုလံပစ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတစ်ရပ် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ပြီးခဲ့သည့် အောက်တိုဘာ ၂ ရက်က မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲတစ်ရပ်ယှဉ်ပြိုင်ခဲ့ပြီး အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီတွင် ဇေယျာသီရိဘောလုံးကွင်း၌ နေပြည်တော်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(မောင်မောင်ဇော်)

မန်ယူအသင်းအတွက် အနာဂတ်ကြယ်တစ်ပွင့်ဖြစ်လာဦးမည့် ကွင်းလယ်ကစားသမားဂျာနူဇာ

ဒေးဗစ်မိုယက်ကိုင်တွယ်လျက်ရှိသည့် မန်ယူအသင်းအတွက် အနာဂတ်ကြယ်တစ်ပွင့်ဖြစ်လာမည့် အလားအလာကောင်းများရှိနေသည့် ကွင်းလယ်ကစားသမား ဂျာနူဇာသည် ဆန်းဒါးလန်းအသင်း၏ အိမ်ကွင်းဖြစ်သည့် အလင်းရောင်ကွင်းကြီး၌ ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်(၇)တွင် အကောင်းမွန်ဆုံးခြေစွမ်း ပိုင်ဆိုင်ထားသူတစ်ဦးအဖြစ် သက်သေပြခဲ့ပြီးနောက် ဂျာနူဇာအား အိုးထရက်ဖို့ဒ်၌ ဆက်ရှိနေစေရေး တစ်ပတ်လုပ်ခလစာကို ပေါင် ၆၀၀၀၀ အထိပေးကာ မန်ယူအသင်းက ကမ်းလှမ်းလိုက်ပြီဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်သာရှိသေးသည့် ဘယ်လ်ဂျီယံ၏ ရွှေရောင်မျိုးဆက်သစ်လူငယ်ကစားသမားဂျာနူဇာသည် ပရီမီယာလိဂ်ပွဲစဉ်(၇)တွင် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်စတင်ပွဲထွက်ကစားပေးခဲ့ပြီး မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို တစ်ဦးတည်းသွင်းယူပေးခဲ့သူဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် မွေးဖွားခဲ့သော ကွင်းလယ်ကစားသမား ဂျာနူဇာသည် ၎င်း၏ အသက်(၁၀)နှစ်အရွယ်ဖြစ်သည့် ၂၀၀၅ ခုနှစ်တွင် အန်ဒါလက်ချ်အသင်းသို့ ရောက်ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။မန်ယူအသင်း၏ ဂုရုကြီးဟု သမုတ်ခြင်းခံထားရသော ဖာဂူဆန် နည်းပြဘဝမှ အနားမယူမီ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီကုန်တွင် ဂျာနူဇာအား မန်ယူပထမအသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကွင်းလယ်ကစားသမားဂျာနူဇာ၏ စာချုပ်သက်တမ်းသည် ရှစ်လအတွင်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည့်အပြင် အခြားသောကလပ်အသင်းများကလည်း ဆန်းဒါးလန်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် နှစ်ဂိုးစလုံး သွင်းယူနိုင်ခဲ့ခြင်းတို့ကြောင့် စိတ်ဝင်စားမှုများဖြစ်ပေါ်နေခဲ့သည်ကို သတိချပ်မိသဖြင့် မန်ယူအသင်းက ကွင်းလယ်ကစားသမား ဂျာနူဇာအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

တရုတ်အိုးပင်းတင်းနစ်ဖလား ဂျိုကိုဗစ် လေးကြိမ်မြောက်ဆွတ်ခူး စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ကို အနိုင်ကစား

ငွေကြယ်

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ဂျိုကိုဗစ်ကို အနိုင်ကစားကာ ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူမည်ဟု ကြုံးဝါးခဲ့သော်လည်း ရှုံးပွဲနှင့်သာ ရင်ဆိုင်ခဲ့ရပြီး တင်းနစ်ပရော်ဖက်ရှင်နယ် ဂျိုကိုဗစ်က အနိုင်ရရှိကာ တရုတ်အိုးပင်း တင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျိုကိုဗစ်သည် ရာဖေးလ်နာဒယ်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၆-၃၊ ၆-၄ ဖြင့် ပွဲပြတ်အနိုင်ရရှိကာ တရုတ်အိုးပင်းချန်ပီယံဘွဲ့ကို ခံယူနိုင်ခဲ့ပြီး ယခုကဲ့သို့ အနိုင်ရရှိလိုက်ခြင်းသည် ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်၏ တရုတ်အိုးပင်းတင်းနစ်ချန်ပီယံဆု လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် စပိန်တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းနှင့် အမေရိကန်အိုးပင်းတို့တွင် ချန်ပီယံဖြစ်ထားသူတစ်ဦးပီပီ အကောင်းဆုံးကစားခဲ့သော်လည်း ဝါရင့်တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အနိုင်မကစားနိုင်ခဲ့ဘဲ အရှုံးဟူသောရလဒ်ဖြင့်ပင် ကျေနပ်ခဲ့သည်။

တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင်မူ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက ဂျန်ကိုဗစ်အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ တရုတ်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဂူဆက်ပီရော့စီနှင့် ဘယ်ဇာရက်တီတို့အား အီတလီအသင်းခေါ်ယူ

ဖီအိုရင်တီးနားတိုက်စစ်မှူး ဂူဆက်ပီရော့စီနှင့် ရိုးမားဗဟိုနောက်ခံကစားသမား ဘယ်ဇာရက်တီတို့အား ဒိန်းမတ်အသင်း၊ အာမေးနီးယားအသင်း စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်များအတွက် အီတလီအသင်းနည်းပြ ပရန်ဒယ်လီက အီတလီအသင်းအတွက် ပါဝင်ကစားရန် ခေါ်ယူအားဖြည့်ထားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂူဆက်ပီရော့စီနှင့် ဘယ်ဇာရက်တီတို့သည် ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် အကောင်းမွန်ဆုံး ပုံမှန်ခြေစွမ်း ပြန်လည်ရရှိလာခဲ့ခြင်းကြောင့် အီတလီအသင်းက ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဂိုးသမား ဘက်ဖွန်၊ ပီယာလို၊ မာချီစီယို၊ ချီလီနီ၊ ဘိုနူစီ စသည့် ဂျူဗင်တပ်ကစားသမား ငါးဦးကို အီတလီအသင်းအတွက် ခေါ်ယူခဲ့သည့်အပြင် အေစီမီလန်အသင်းမှ အီတလီကစားသမားလေးဦးကိုလည်း နည်းပြပရန်ဒယ်လီက ခေါ်ယူထားခဲ့ကြောင်း သိရသည်။

အီတလီအသင်းသည် လက်ရှိတွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင် မြင်ရန် ကစားရဦးမည့် ပွဲစဉ်နှစ်ပွဲ ကျန်ရှိနေသေးပြီး အုပ်စုကို ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကာ လာမည့်နှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အခွင့်အရေးရရှိရန်လည်း အသင့်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ

အပတ်စဉ် (၃၀၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇)တို့မှ စုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နေရာ - M3 Food Centre

အချိန် - နံနက် ၉း၀၀ နာရီ-မွန်းတည့် ၁၂း၀၀ နာရီ

နေ့စွဲ - ၁၉-၁၀-၂၀၁၃ (သီတင်းကျွတ်လပြည့်နေ့)

(ကျောင်းသား/သူများသို့ သီးသန့်ဖိတ်စာပို့မည်မဟုတ်ပါ။)

သူငယ်ချင်းတို့ရေ. . . . .

ဒီနေ့၊ ဒီရက်၊ ဒီအချိန်မှာ ဆရာ့ကျေးဇူးတွေဆပ်ကြမယ်။ တို့အချင်းချင်း ပြန်တွေ့ကြမယ်။ တစ်နှစ်မှာတစ်ခါ တစ်လမှာတစ်ကြိမ်တည်းရယ်မို့ သူငယ်ချင်းရေ. . . ဘယ်မှာပဲရောက်နေနေ လာဖြစ်အောင်လာခဲ့ကြပါလို့ နွေးထွေးစွာဖိတ်ခေါ်ပါတယ်။

ဇနီးအဖြစ်မှပြတ်စဲကြောင်း အသိပေးကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မအေးအေးမော်[၁၄/မမန(နိုင်)၀၀၀၄၁၂]သည် ကျွန်တော်ခွင့်မလွှတ်နိုင်သည့် ကိစ္စများကိုကျူးလွန်ပြီး သူမ၏သဘောဆန္ဒအလျောက် ၂၅-၁-၂၀၁၁ ရက်တွင် နိုင်ငံရပ်ခြားသို့ ထွက်သွားပြီးဖြစ်ပါ၍ ကျွန်တော်မှ ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိတော့သည့်အတွက် ယနေ့မှစ၍ ဇနီးအဖြစ်မှ ပြတ်စဲကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

တင်ဟန်ထွန်း[၁၂/မဂတ(နိုင်)၀၂၂၆၃၅]

ခိုးမှုဖြင့် မသင်္ကာသူကို စစ်ဆေး ဆိုင်ကယ်ခိုးမှုများဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၇

အောက်တိုဘာ ၂ ရက် ည ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိသူ အောင်စိုးမြင့်(ခ) အောင်ပု မင်္ဂလာဒုံမြို့နယ်နေသူအား ထောက်ကြံ့လမ်းဆုံမှတ်တိုင်တွင် တွေ့ရှိဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်စိုးမြင့်(ခ) အောင်ပုအား စစ်ဆေးခဲ့ရာ ၎င်းသည် ဖွန်လအတွင်းက ဆန်းလင်းအောင်နှင့်အတူ မင်္ဂလာဒုံမြို့နယ် ကန်ဘောင်ကြီးရှိ နေအိမ်တစ်အိမ်ရှေ့၌ ရပ်ထားသော Feiling အမျိုးအစား ကျောက်စိမ်းရောင် ဆိုင်ကယ်တစ်စီးအား လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက် နံနက် ၀၀း၃၀ နာရီက ဆန်းလင်းအောင်နှင့်အတူ မင်္ဂလာဒုံမြို့နယ် ကျောင်းကြီး(၃)လမ်းရှိ နေအိမ်ရှေ့ခြံဝင်းအတွင်းမှ လော့ဂျာ အမျိုးအစား နက်ပြာရောင်ဆိုင်ကယ် တစ်စီးအားလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက် နံနက် ၁ နာရီက ဆန်းလင်းအောင်၊ ဖိုးသီးနှင့်အတူ မင်္ဂလာဒုံမြို့နယ် ကာယ(၆) လမ်းအတွင်းရှိ နေအိမ်ခြံဝင်းအတွင်းမှ ကင်ဘိုအမျိုးအစား ငွေမင်/အနက်ရောင်ဆိုင်ကယ်တစ်စီးအား လည်းကောင်း၊ အောက်တိုဘာ ၂ ရက် နံနက် ၀၀း၃၀ နာရီက ဆန်းလင်းအောင်နှင့်အတူ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ စျေးရှေ့ရှိ နေအိမ်ခြံဝင်းအတွင်းမှ JLM 110 အမျိုးအစား ကျောက်စိမ်းရောင် ဆိုင်ကယ်တစ်စီးအား လည်းကောင်း စုစုပေါင်း ဆိုင်ကယ် လေးစီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းက (ပ) ၆၁၆/၂၀၁၃၊ ပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

လမ်းပေါ်တွင် မူးယစ်ရမ်းကားသူအား ဖမ်းဆီးအရေးယူ

ရန်ကုန် အောက်တိုဘာ ၇

အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်း SKY WAY အနီးတွင် အောက်တိုဘာ ၆ ရက် နံနက် ၂ နာရီခွဲခန့်က လူတစ်ဦး မူးယစ်ရမ်းကားနေကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဌေးအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဆံရှည်(ခ)ဝဏ္ဏ(ခ)နန်းဝဏ္ဏထွန်း(၃၂)နှစ် ကျန်စစ်သားလမ်း လှိုင်သာယာမြို့နယ်နေသူအား အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားအိမ်ပါ ကင်ဒိုဓားဦးချွန်တစ်ချောင်းနှင့် အရိုးအသွား ၁၀ လက်မခန့်ရှိ ငါးမန်းသွားပါ ဓားဦးချွန်တစ်ချောင်း (ဘေးသိုင်းကြိုးအိတ်ပါ)တို့ကို တွေ့ရှိ၍ သက်သေများ ရှေ့မှောက်တွင် သိမ်းဆည်းပြီး ဆံရှည်(ခ)ဝဏ္ဏ(ခ)နန်းဝဏ္ဏထွန်းအား အလုံမြို့မရဲစခန်းက (ပ) ၂၄၅/၂၀၁၃၊ လက်နက်ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

မကျေနပ်၍ နေအိမ်ဖျက်ဆီးမှု အချိန်မီထိန်းသိမ်းနိုင်

ကျောင်းကုန်း အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့ အမှတ်(၂) ရပ်ကွက် နယ်မြေ (၁၃)ကျန်စစ်သား(၁)လမ်းတွင် ဦး--- အသက်(၄၃)နှစ်က အိမ်နီးနားချင်းအိမ်မှ မ--- အသက်(၁၄)နှစ်ကို နေအိမ်တွင်မိဘများမရှိခိုက် အတင်းအဓမ္မ ပြုကျင့်ခဲ့သည်ကို မိခင် ဒေါ်----မှ အောက်တိုဘာ ၅ ရက်တွင်အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းထံ တိုင်ကြားပြီး မြို့မရဲစခန်းတွင်အမှုဖွင့်၍ ဦး---ကို (ပ)၉၀/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မကျေနပ် သူများက ဦး---နေသည့် အိမ်နှင့် မွေးမြူထားသည့် နွားတင်းကုပ်၊ ဆိတ်တင်းကုပ်၊ ၎င်းညီအစ်ကိုနေအိမ်တို့ကို ဖျက်ဆီးခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီ ထိန်းသိမ်းတားဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(၁၆၅)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

ဆိုင်ကယ်ဖြင့်သယ်လာသော တရားမဝင်ကျွန်းပါကေးများ သိမ်းဆည်းရမိ

အုတ်တွင်း အောက်တိုဘာ ၇

အုတ်တွင်းမြို့နယ် ရေသိုးကျေးရွာ အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ်(၁၂၀/၇) အနီးတွင် အောက်တိုဘာ ၅ ရက် နံနက် ၁ နာရီခန့်က မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးတင်ဆွေမြင့်ဦးစီးအဖွဲ့သည် တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ပေါက်ခေါင်းဘက်မှ အုတ်တွင်းဘက်သို့ ဦးခင်(၄၇)နှစ် ပင်းယကွင်းကျေးရွာ အုတ်တွင်းမြို့နယ်နေသူ မောင်းနှင်လာသော ကင်ဘို ၁၂၅ (အစိမ်းရောင်)လိုင်စင်မဲ့ ဆိုင်ကယ်ပေါ်တွင် ကျွန်းပါကေး ၂၉၇ ချပ်(သုည ဒသမ ၀၉၂၈ တန်)ကာလ တန်ဖိုးငွေကျပ် ၂၃၂၀၀ နှင့် ဇော်ဝင်းထွန်း(၂၆)နှစ် ကြက်သွန်ခင်း (၁)ရပ်ကွက် အုတ်တွင်းမြို့နယ်နေသူ မောင်းနှင်လာသည့် ကင်ဘို ၁၁၀ (အနက်ရောင်) လိုင်စင်မဲ့ဆိုင်ကယ် ပေါ်တွင် ကျွန်းပါကေး အချပ် ၂၆၀ (သုည ဒသမ ၀၈၃၂ တန်) ကာလတန်ဖိုးငွေကျပ် ၂၀၃၀၀ သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အုတ်တွင်းရဲစခန်းက ဦးခင်နှင့် ဇော်ဝင်းထွန်းအား (ပ)၃၀၄/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃-ကဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၅၇၈)**

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် နှစ်ဦးသေဆုံး

ကျောက်တံခါး အောက်တိုဘာ ၇

ကျောက်တံခါးမြို့နယ် ဖဒို ကျေးရွာ ကျွန်းကုန်း-ဖဒိုကားလမ်း မိုင်တိုင်အမှတ် (၅/၅)နှင့် (၅/၆) ကြားတွင် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦး သေဆုံးပြီး ကျန်ဆိုင်ကယ်တစ်စီးမှာ မောင်းနှင်ထွက်ပြေးသွားသည်။ ဖြစ်စဉ်မှာ ဖဒိုဘက်မှကျွန်းခွဲသား ဆိုဒ်စုံ လေးချောင်းတင်ဆောင် မောင်းနှင်လာသောဆိုင်ကယ်သည် ကျွန်းကုန်းဘက်မှ စောသာမိ(၂၀) နှစ် အရိုးစုကျေးရွာ ကျောက်တံခါး မြို့နယ်နေသူမောင်းနှင်ပြီး တစ်ရွာတည်းနေ စောအယ်လေးသော (၂၀) နှစ်လိုက်ပါလာသော ဖီလင် ၁၁၀ (နက်ပြာရောင်)ဆိုင်ကယ်နှင့် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိရာ စောသာမိတွင် ဦးခေါင်းပွင့်ထွက်၊ စောအယ်လေးသောတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။ တစ်ဖက်ဆိုင်ကယ်မှာ ကျွန်းခွဲသားများအား အခင်းဖြစ်နေရာတွင်ထားရှိပြီး ထွက်ပြေးသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖဒိုရဲစခန်းက (ပ)၁၀/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကိုလွင်-ဆွာ)**

သွေးသည်အသက်

မုံရွာမြို့အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ခတ်လာ

မုံရွာ အောက်တိုဘာ ၇

ဝါတွင်းကာလအိမ်ခြံမြေအရောင်းအဝယ်များ ပါးလျားနေရာမှ မုံရွာမြို့အိမ်ခြံမြေဈေးကွက်သည် ဝါကျွတ်ချိန်အမီ အိမ်ခြံမြေစုဆောင်းဝယ်ယူသူများကြောင့် ဈေးအနည်းငယ်လှုပ်ခတ်လာကြောင်း သိရသည်။ မုံရွာမြို့ရပ်ကွက်ကြီးများတွင် အိမ်ခြံမြေဈေးကွက်မှာ နေရာနှင့် အကျယ်အဝန်းပေါ် မူတည်၍ မျက်နှာစာတစ်ပေလျှင် ကျပ်သိန်း ၃၀ မှ သိန်း ၂၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာမြို့ဝါရင့်အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ပြောပြသည်။

"ဝါတွင်းမှာ အိမ်ခြံမြေအရောင်းအဝယ်ပါးနေတာကြာပါပြီ။ဈေးကွက်ပျက်တဲ့အထိ ကြိုက်ရောင်းကြိုက်ဝယ်နဲ့ စခန်းသွားနေကြရာက ဒီရက်ပိုင်းဝါ မကျွတ်ခင်မှာ အိမ်ခြံမြေ ရောင်းဝယ်စုဆောင်းသူတွေကြောင့် အရောင်းအဝယ် ပြန်ဖြစ်လာသလို မြေဈေးလည်း တက်လာပါတယ်" ဟုပြောပြသည်။

ယခင်နှစ်များက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခဲ့သည့်နောက်ပိုင်း အောင်ချမ်းသာရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်၊ အိုးဘိုတောင်ရပ်ကွက်တို့တွင်ရှိသော အိမ်ခြံမြေများ အရောင်းအဝယ်သွက်ခဲ့ရာမှ ယခုနှစ်တွင် အရောင်းအဝယ်ပြန်လည်အေးစက်ခဲ့ကြောင်းသိရသည်။ အဆိုပါ ရပ်ကွက်များတွင် ဗိုလ်ချုပ်လမ်းနှင့် ပြည်ထောင်စုလမ်းဘေးတွင် နေရာအကျယ်အဝန်းပေါ်မူတည်၍ မျက်နှာစာတစ်ပေလျှင် ကျပ် သိန်း ၃၀ မှ ကျပ်သိန်း ၇၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အတွင်းဘက်အိမ်ခြံမြေများတွင် ပေ(၈၀× ပေ ၆၀) တစ်ကွက်လျှင် ယခင် ကျပ်သိန်း ၁၀၀ ဝန်းကျင်မှ ယခုကျပ်သိန်း ၂၀၀ ကျော်အထိ ဈေးကောင်းရနေသည်။ မုံရွာမြို့ပေါ် ရပ်ကွက်ကြီးများတွင် ရောင်းလိုအားနည်းပြီး ဝယ်လိုအားများခဲ့သလို အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်း၊ ကျောက္ကာလမ်း၊ ပြည်ထောင်စုလမ်းတို့တွင် အိမ်ခြံမြေရောင်းလိုအားထက် မြေနေရာ ငှားရမ်းသူများလည်း ပိုမိုများပြားလာကြောင်း သိရသည်။

ယခင်နှစ်များက အိမ်ခြံမြေစုဆောင်းသူအများစုသည် ဝါတွင်းကာလ အိမ်ခြံမြေ အရောင်းအဝယ်ပါးချိန်တွင် မုံရွာ-မန္တလေးကားလမ်းမကြီး၊ မုံရွာ-အရာတော်ကားလမ်းမကြီးနှင့် မုံရွာ-သာစည်ကျေးရွာ ခရိုင်ချင်းဆက်ကားလမ်းမကြီး ဘေးဝဲ၊ ယာတစ်လျှောက်ရှိ ယာမြေများကို အိမ်ခြံမြေအဖြစ် ဝယ်ယူသူ ပိုမိုများပြားလာကြောင်း သိရသည်။ မုံရွာ-မန္တလေးကားလမ်းဘေးမှ မြေနဲ၊ မင်းရွာအနီးတစ်ဝိုက်မှယာမြေများအဝယ်လိုက်နေပြီး မုံရွာ-အရာတော် လမ်းတစ်လျှောက်နှင့် မုံရွာ-သာစည်လမ်းဘေးမှ ယာမြေများကိုမြေစုသူများဝယ်ယူလျက်ရှိကြောင်း ဒေသခံ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောပြသည်။ အဆိုပါ လမ်းမကြီးများဘေးရှိ ယာမြေတစ်ကွက် (တစ်ဧက)လျှင် ကျပ်သိန်း ၃၀၀မှ ကျပ်သိန်း၇၀၀ ခန့်အထိ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ မုံရွာမြို့ရှောင်ကွင်းလမ်းဖြစ်သော မုံရွာစက်မှုဇုန်-ဇလုပ်-အက်တော-ကျွဲရဲအဝေးပြေး လမ်းဘေးဝဲ၊ ယာရှိ ယာမြေများတွင်လည်း တစ်ဧကကျပ်သိန်း ၂၀၀ မှ ၅၀၀ ခန့်အထိ မြေနေရာအကျယ်အဝန်းပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အသိပညာပေးဟောပြော၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ် တာချီလိတ်မြို့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်စိတ်ရုံးတွင် စက်တင်ဘာ ၁၄ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ပြည်သူများနှင့် "မဇ္ဈိမ" လူမှုကူညီရေးအသင်းဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ခဲ့ကြပြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်စိတ်နှင့် "မဇ္ဈိမ" လူမှုကူညီရေးအသင်းတို့က ဆိုင်ကယ်စီးဦးထုပ် ၇၅ လုံးကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မကွေးတွင် တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများပြားလာ

မကွေး အောက်တိုဘာ ၇

မကွေးမြို့စွန် ရပ်ကွက်များနှင့် မြို့နယ်ကျေးရွာများတွင် အိမ်တွင်းမှုစီးပွားရေးအဖြစ် တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးလုပ်ငန်းများ တွက်ခြေကိုက်ပြီး လုပ်ကိုင်သူ များပြားလာကြောင်း သိရသည်။ တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်းသည် အိမ်တွင်းနှင့် အိမ်နီးဝန်းကျင် စားကြွင်းစားကျန်များကို အဓိကအားထားမွေးမြူနိုင်သဖြင့် မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ တိုးစေနိုင်သည်။ ဝက်မွေးမြူရန်အတွက် ဝက်သားပေါက်တစ်ကောင်လျှင် ငွေကျပ် ၄၅၀၀၀ ဝန်းကျင်သာရှိပြီး ခြောက်လ ကျော် ရုံမျှနှင့် ပြန် ရောင်းလျှင် ငွေကျပ် ၁၆၀၀၀၀ ဝန်းကျင်ပြန်ရနိုင်သည်။ အချို့မိသားစုများက တစ်အိမ်ထောင်လျှင် ဝက်နှစ်ကောင်မှ ငါးကောင်အထိ မွေးမြူကြပြီး အချို့က ဝက်မများ ဝယ်ယူ၍ သားတင်၊ သားဖောက်ခြင်းများပြုလုပ်လေ့ရှိသည်။သားတင်ရန်အတွက်သားတင်ဝက်လားငှားရမ်းခမှာ ငွေကျပ် ၅၀၀၀ မှ၁၀၀၀၀ ဝန်းကျင်ရှိကာ သားတင်ပြီး လေးလအတွင်း၌ သားပေါက်လေ့ရှိကြောင်း သိရသည်။သားဖောက်မွေးမြူခြင်းသည်အလုပ်ရှုပ်သော်လည်း ဝက်သားပေါက်များ ရောင်းချရသည်မှာ ဝက်ကြီးများ ရောင်းချရသည်ထက်ပို၍ တွက်ခြေကိုက်သည်။ ဝက်မွေးမြူရေးလုပ်ငန်းများတွင်ကျယ်လာသည်နှင့် အမျှ ဝက်စာအဖြစ် နှမ်းဖတ်၊ ငါးပိကြမ်းနှင့် ဖွဲနုများအရောင်းသွက်လျက်ရှိသည်။ ယခုအခါ မြို့ပေါ်ဝက်သားဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဝန်းကျင်ဈေးပေါက်ကြောင်း သိရသည်။ မြို့ပေါ်တွင် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည့်ဒေါ်အေးကြည်က "ဝက်မွေးတာက အပြင်မှာငွေတိုးချေးရတာထက်ပိုပြီး စိတ်ချရတယ်။ ဝက်ဈေးကောင်းရင် ပိုပြီးတွက်ခြေကိုက်တယ်။ ဝက်မွေးတာဟာ ငွေစုသလိုပဲ။ အတိုးများများ ရတယ်။ ခြောက်လကျော် တစ်နှစ်အတွင်း ငွေပြန်ပေါ်တယ်။အခုဆိုရင် ဝက်မွေးတာနဲ့ သားသမီးတွေကို ကျောင်းထားပေးနိုင်တယ်။ တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေတိုးလာတယ်" ဟုပြောသည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်နှင့် NGO အဖွဲ့အစည်းများက ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ (မကွေး)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမဦးစီးဌာန ရုံးအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းကာရန်ခြင်းလုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	ဇမ္ဗူသီရိမြို့နယ်	နေပြည်တော်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၁၀၀×၄၈×၁၂)နှင့် ပေ ၂၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း
(ခ)	ဇမ္ဗူသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း
(ဂ)	ဒက္ခိဏသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း
(ဃ)	ဥတ္တရသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း
(င)	ပုဗ္ဗသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံး RCတစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၄-၁၀၂၀၁၃ ရက်မှစ၍ နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ နေပြည်တော်သမဝါယမဦးစီးဌာနရုံး၊ ယုဇနလမ်းနှင့် ၁၉ လမ်းထောင့်နှင့် ဆီပန်းအဝိုင်းအနီး၊ ပေါင်းလောင်းတိုးချဲ့ (၂)ရပ်ကွက် ပျဉ်းမနားမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက နေပြည်တော်သမဝါယမဦးစီးဌာန ဖုန်း-၀၆၇-၂၁၀၉၀၊ ဦးမျိုးချစ်၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၂၅၄၀၂၃၇၆၄၊ ဦးအောင်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၄၄၀၂၀၃၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော်အဆင့်
တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သထုံဓာတ်အားပေးစက်ရုံရှိ ချွတ်ယွင်းသွားသော Load Gear Box အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း)မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.16/HPGE/2013-2014
(က) Micom Relay (P643) (4)Nos
Tender No.17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61)Nos
Tender No.18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132KV LA (2)Sets
Tender No.19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက်ဘက်ထရီအမျိုးအစား(၅)မျိုး (280)Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် မွန်းတည့်၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့်၄၁၁၀၇၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့မီးရထားပိုင်မန္တလေးဘူတာကြီး ၇၈လမ်းနှင့် ၃၀လမ်းရှိ ပုပ္ပါးဟိုတယ်အမှတ်(၁) ဟုခေါ်တွင်သော ဧရိယာ(အလျားပေ၁၀၀× အနံပေ၄၀)ကျယ်ဝန်းသော အခန်း(၄၂)ခန်းပါ သုံးထပ်အဆောက်အအုံနှင့် ၇၈လမ်းပေါ်(၂၈လမ်းနှင့်၂၉လမ်း)ကြားရှိ ပုပ္ပါးဟိုတယ်အမှတ်(၂)ဟုခေါ်တွင်သော (အလျားပေ၁၀၀×အနံပေ၁၀၀)ရှိ အခန်း(၁၂)ခန်းပါ နှစ်ထပ်အဆောက်အအုံပါလုပ်ငန်း(၂)ခုကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃)ရုံးမန္တလေးဘူတာကြီး၌ တစ်စောင်လျှင် (၁၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ၇-၁၀-၂၀၁၃ရက်မှစ၍ ၂၈-၁၀-၂၀၁၃ရက် ၁၆း၃၀ နာရီအချိန်ထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။
၃။ အဆိုပါငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) ရုံးခန်းသို့ ၂၉-၁၀-၂၀၁၃ရက် ၁၃း၀၀နာရီနောက်ဆုံးထားပေးပို့ရန်နှင့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၉-၁၀-၂၀၁၃ရက် (၁၃း၃၀)နာရီတွင် မန္တလေးဘူတာကြီး အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၂-၆၆၇၆၄၊ ၀၂-၃၅၈၂၉၊ ၀၆၇-၇၇၀၄၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့ မြန်ဆန်စေရေး၊ ပြည်ပပို့ကုန် ပိုမိုတိုးတက်တင်ပို့နိုင်ရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကို နယ်စပ်ကုန်သွယ်ရေးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မောတောင်နယ်စပ်ကုန်သွယ်ရေးဦးစီးအရာရှိ ဦးနေထက်မင်းက ကုန်သွယ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များ၊ တရားဝင်ကုန်သွယ်ခွင့်ရရှိပါက တိုးတက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ အခြေခံလိုအပ်ချက်များနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ထို့နောက် မောတောင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘဟုန်က လုပ်ငန်းရှင်များ၏ လုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး အကောက်ခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးက အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး ဦးနေထက်မင်းက ဆွေးနွေးချက်များအပေါ် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ရိုးမတောထွက်ဝါးနှင့်ဝါးထွက်ပစ္စည်း ဝယ်လိုအားမြင့်တက်

ရေတာရှည် အောက်တိုဘာ ၇

ပဲခူးရိုးမမှ အဓိကထွက်သည့် ဝါးနှင့်ဝါးထွက်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးသို့ အဓိက တင်ပို့ရောင်းချရာ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရသည်။

ရေတာရှည်မြို့နယ်အတွင်းဆွာမြို့ တောင်ဘက်ရွှေသပြေကျေးရွာ၊ ဆွာမင်းလမ်းကျေးရွာ၊ ဆီဆုံကုန်း၊ မြောက်လွတ်ကုန်းအစရှိသည့်ကျေးရွာများ၌ ဝါးခုတ်ခြင်း၊ ဝါးအရောင်းအဝယ်၊ ဝါးထွက်ပစ္စည်းများဖြစ်သော ဝါးကပ်၊ ကုလားထိုင် အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းကို အဓိကလုပ်ငန်းအဖြစ် ဆောင်ရွက်ကြသည်။ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်အစုန်အဆန်သွားလာလျက်ရှိသော ကုန်တင်ယာဉ်များက ဝါးထွက်ပစ္စည်းများကို အဓိကဝယ်ယူ၍ ဝါးလုံးအရွယ်အစား အမျိုးမျိုးကို မြင်းခြံ၊ တောင်သာ၊မြစ်သား၊ မြစ်ငယ်မြို့များသို့တင်ပို့ရာတွင် အလုံးအရွယ်အစားပေါ်မူတည်ကာ ငွေကျပ် ၃၀၀ အထိ ပေါက်ဈေးရှိသည်။ ခြံကာဝါးကပ်များကိုမူ ပျော်ဘွယ်မြို့သို့ အများအပြား တင်ပို့ရောင်းချကြောင်း သိရသည်။ မိုးနည်းပါး၍ ပွင့်လင်းရာသီရောက်လျှင်မူ အရောင်းအဝယ် ပိုမို ကောင်းမွန်သော်လည်း ဝါးလုပ်ငန်းလုပ်ကိုင်သူများမှာ ရိုးမတောအတွင်း သုံးညအိပ်ခရီးသွားကြရကာ ယခင်ကထက် ဝါးခုတ်ယူရရှိမှုနည်းပါးလာကြောင်း သိရသည်။

(ဘုဂ၈)

ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ကေများ ရာနှုန်းပြည့်အောင်မြင်

ဖြူး အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၁ အုပ်စုမှ လယ်သမားများသည် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှုမရှိသလောက် နည်းပါးခဲ့သော်လည်း အခြောက်ပျိုးထောင်ခြင်း၊ ချောင်းမြောင်းများမှ ရေများကို ရေစုပ်စက်များဖြင့် လယ်ကွင်းများအတွင်း ရေများစုပ်တင်ခြင်းတို့ဖြင့် ပျိုးခင်းများတွင် ပျိုးထောင်ခဲ့ကြပြီး သတ်မှတ်လျာထားသော မိုးစပါးစိုက်ဧက ၁၅၃၄၂၆ ဧကကို အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ် မိုးစပါးများ ပျိုးထောင်ပျိုးကြဲစဉ် မိုးဦးခေါင်ခဲ့သော်လည်းဩဂုတ်၊ စက်တင်ဘာ မိုးလယ်နှင့် ယခု မိုးနှောင်း အောက်တိုဘာတွင် မိုးရွာသွန်းမှုကောင်းသဖြင့် စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများမှာ အားရဖွယ်အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(ဝဲပုံ)** **(ဖြူး-မြင့်ဦး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ ခရိုင်ရုံးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ဘိလပ်မြေ

(ခ) သံချောင်းလုံးရှယ်စုံ

(ဂ) ဒီဇယ်ဆီ

၂။ ဝယ်ယူလိုသောပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၁၀-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကယားပြည်နယ်၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၄၉၄

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၄-၁၀-၂၀၁၃ရက်၊ ၁၂နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

တိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ်(၂၂)
ကျောင်းသား/ကျောင်းသူများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ တိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ်(၂၂)၊ ကျောင်းသား၊ ကျောင်းသူများမှ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ရက်)၂၆-၁၀-၂၀၁၃ ရက် (စနေနေ့)တွင် ရွှေကျင်တိုက်မကြီး မန္တလေးမြို့၌ ဂါရဝတရားနှင့်အညီ ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးတို့အား ကိုယ်တိုင်ကိုယ်ကျ ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့.

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဝင်းလွင်ဦး** [၈/ပမန(နိုင်)၁၀၁၅၁၂]နှင့် ကျွန်မ **မအေးသန္တာအောင်**[၉/ညဥန(နိုင်)၁၇၇၇၂၆]တို့သည် ၂၄-၉-၂၀၁၃ ရက်တွင် ပေါက်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝင်းလွင်ဦး-မအေးသန္တာအောင်





တွံ့တေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

တွံ့တေး အောက်တိုဘာ ၇

ဗုဒ္ဓဘုရားရှင်၏ဆံတော်အစစ်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရန်ကုန်တောင်ပိုင်းခရိုင် တွံ့တေးမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို လာမည့် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ လပြည့်ကျော် ၁ ရက်အထိ အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်နှင့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဆံတော်ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တွံ့တေးမြို့ ရွှေဆံတော်ဘုရားပွဲက နှစ်စဉ်နှစ်တိုင်းစည်ကားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တွံ့တေး-လှိုင်သာယာ တံတားကြီးပြီးသွားတဲ့နောက်မှာ လမ်းပန်းဆက်သွယ်ရေးတွေကောင်းမွန်လာလို့ပါ၊ အရင်ကတောင်ပိုင်းခရိုင် အနောက်ခြမ်း ငါးမြို့နယ်က ဘုရားဖူးပြည်သူနဲ့ ဒေသခံကျေးရွာတွေ ဘုရားဖူးပွင့်လင်းရာသီအစဆိုတော့ ဖျော်ဖြေပွဲတွေဈေးသည်တွေနဲ့ စည်ကားမှာပါ" ဟု ဒေသခံတစ်ဦးထံမှသိရသည်။ **(တွံ့တေးသား)**

ဂျပန်လူမျိုး မစ္စတာကူမာနိုလှူဒါန်းသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော် (၃၀၁)ဆူ ဖူးမြော်သူများ တစ်နေ့တခြား တိုးပွားလာ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျက်ကျေးရွာအုပ်စု ရေပြာကျေးရွာ အောင်ဇမ္ဗူတောရဓမ္မရိပ်သာ၌ သီတင်းသုံးအပူဇော်ခံလျက်ရှိသော နှစ်ပေါင်း ၁၀၀၀ ကျော်နှင့် နှစ်ပေါင်း ၂၀၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူအား အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ လာရောက်ဖူးမြော်လျက်ရှိရာ ကျေးရွာအနီးပတ်ဝန်းကျင်၌ အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူအား ဂျပန်နိုင်ငံသား မစ္စတာကူမာနိုက ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဓမ္မရိပ်သာဆရာတော်ထံ လှူဒါန်းခဲ့ရာ ၁၃-၁၀-၂၀၁၂ရက်တွင် စတင်ကြွချီသီတင်းသုံးလျက်ရှိပြီး ၎င်းဗုဒ္ဓရုပ်ပွားတော်များအား တစ်ပတ်လျှင် လေးရက်ဖူးမြော်ခွင့်ပြုထားရာ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ အပူဇော်ခံကြည်ညိုနိုင်ပြီး ဘုရားဖူးလာသူများအား မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့်သာ ကြည်ညိုခွင့်ပြုကြောင်းသိရသည်။ **တင့်လွင်(မ/ဥက္ကလာ)**

မော်လမြိုင်ကျွန်းမြို့အဝင် (၁၅)လမ်း လျှပ်စစ်မီးထိန်ထိန်လင်း

မော်လမြိုင်ကျွန်း အောက်တိုဘာ ၇

မော်လမြိုင်ကျွန်းမြို့အဝင် (၁၅)လမ်း ကမ်းနားလမ်း ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းတစ်လျှောက် ညပိုင်း လျှပ်စစ်မီးစတင်ထွန်းညှိခြင်းကို အောက်တိုဘာ ၄ ရက် ညနေ ၆နာရီမှစတင်ပြီး (၁၅)လမ်း ရေယာဉ်ဆိပ်ကမ်းတစ်လျှောက် စတင်ထွန်းညှိခဲ့ကြသည်။

(၁၅) လမ်းဗိုလ်တဲချွန်း ရေနံဆိပ်မှ ပုသိမ်သူ ရှုပ်ပြေးဆိပ်အထိ ပေ ၁၆၀၀ တွင် လျှပ်စစ်မီးတိုင် ၂၅ တိုင် စိုက်ထူထွန်းညှိထားခြင်းဖြစ်သည်။**(အပေါ်ပုံ)**

အဆိုပါ မြို့မျက်နှာစာ ညပိုင်းတွင် သာယာလှပစေရေးအတွက် လျှပ်စစ်မီးတိုင်များ ထွန်းညှိပေးနိုင်သဖြင့် ရန်ကုန် -မော်ကျွန်း ညသင်္ဘောဆိုက်ကပ်မှုများ၊ ခရီးသည်အတက်အဆင်းများ၊ ညဘက်ခရီးသွား ပြည်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများ ညဘက်တွင် ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ပြီဖြစ်၍ စိတ်ချမ်းမြေ့ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **(မော်ကျွန်း-မြင့်အောင်)**

မိုးအဆက်မပြတ်ရွာ ရေမြောင်းများပိတ်

ရန်ကုန် အောက်တိုဘာ ၇

မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ရေမြောင်းများ ပိတ်ဆို့မှုကြောင့် မြောက်ဥက္ကလာ ဝေဘာဂီလမ်းမပေါ်ရှိ သီရိရတနာ(၅) ဈေးနှင့် သဇင်လမ်းမပေါ်ရှိ မြောက်ဥက္ကလာ အမက (၃၄) ကျောင်းဝင်းအတွင်း ရေများဝင်ရောက်နေမှုကြောင့် ဈေးသူဈေးသားများနှင့်ကျောင်းမိဘဆရာအသင်းတို့က ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီသို့ တင်ပြထားကြောင်း မိဘဆရာအသင်းအမှုဆောင်တစ်ဦးက ဆိုသည်။

ထိုသို့တင်ပြစာတွင် ဈေးအတွင်းမှရေများနှင့် အမက (၃၄) ကျောင်းဝင်း အတွင်းမှ ရေများ အဓိက ရေထွက်မြောင်းဖြစ်သည့် ဝေဘာဂီလမ်းပေါ်ရှိ ဗဟိုဝန်ထမ်း သက်သာချောင်ချိရေး ဆိုင်ခန်းများ မျက်နှာစာရေမြောင်းအား ကွန်ကရစ်လောင်းခင်းကျင်းထားမှုကြောင့် ရေမြောင်းပိတ်ဆို့ကာ ရေမထွက်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ထွန်းဝင်း)**

တပ်ကုန်းမြို့နယ်စာရေးဆရာအသင်း စည်းဝေး

တပ်ကုန်း အောက်တိုဘာ ၇

တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း လပတ်ပုံမှန်အစည်းအဝေးကို အောက်တိုဘာ ၅ ရက်က မြတ်ဘုန်းစာကြည့်တိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် နာယကမြတ်ဘုန်း (တပ်ကုန်း)က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)က အသင်းဖွဲ့စည်းပုံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများရှင်းလင်းပြောကြားကာ ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး(ပေတိုး-ရွှေမြို့)က ဘဏ္ဍာရေးစည်းမျဉ်းများကို ရှင်းလင်း၍ အတွင်းရေးမှူးဦးမောင်ပု (ညဏ်လင်း-တပ်ကုန်း)က မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှ ဝင်စာများနှင့် ဆုံးဖြတ်ချက်များကို ဖတ်ကြားကြောင်းသိရသည်။ **(မြို့နယ်စာရေးဆရာအသင်း)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-2T (C)/PASA/PW/2013-2014

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လမ်း/တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ ၈၀/၁၀၀ အမျိုးအစား မက်ထရစ် တန်(၃၀၀၀၀)ကို (CIP ရန်ကုန်စနစ်)၊ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၉-၁၀-၂၀၁၃ ရက် (ရုံးချိန်အတွင်း)။

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ ရက် (၁၆း၀၀) နာရီ။

၄။ တင်ဒါဖွင့်မည့်ရက် - ၂၈-၁၀-၂၀၁၃ ရက် (၁၃း၀၀) နာရီ။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ဘိလပ်မြေ၊ ကတ္တရာ၊ သံချောင်း ဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၆၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဓာတ်အားစနစ်အတွင်း OPGW ကြိုးများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) ဓာတ်အားပိတ်ဆောင်ရွက်နိုင်မည့် ဓာတ်အားလိုင်းများ
  (က) ၂၃၀ ကေဗွီ၊ လှော်ကား-သာကေတလိုင်း (22.29km)
  (ခ) ၂၃၀ကေဗွီ၊ နေပြည်တော်- တောင်တွင်းကြီး (75.00km)

(၂) ဓာတ်အားမပိတ်ဘဲ (Live Line) ဆောင်ရွက်ရမည့် ဓာတ်အားလိုင်းများ
  (က) ၂၃၀ ကေဗွီ ရွှေမြို့-ပျဉ်းမနား (33.37 km)
  (ခ) ၂၃၀ ကေဗွီ သာစည်-ရွှေမြို့(107.21 km)
  (ဂ) ၂၃၀ ကေဗွီ သာစည်- သပြေ၀ (25.05 km)
  (ဃ) ၂၃၀ ကေဗွီ ရွှေစာရံ-ဘဲလင်း(27.58 km)

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံတော်ဧည့်ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-
  (က) တာယာ - (၁၆)မျိုး
  (ခ) ဘက်ထရီ - (၁၃)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှ ၂၃-၁၀-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီ အတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/- နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ကွပ်ကဲရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်။
ဖုန်း- ၀၆၇-၄၀၆၁၆၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများအတွက် Copier, Printer, Scanner, Fax, Projector, Screen, Camera, Air Con, Lawn Mower, Generator, Fan, Refrigerator, Motor, Compressor, Stablizer, Drinking Water Treatment, Television နှင့် အခြားစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး(ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရွေးရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၄ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၇-၁၀-၂၀၁၃ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၃-၁၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၄-၁၁-၂၀၁၃ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၂-၂၀၁၃ ရက်နေ့မှ ၂၀-၁၂-၂၀၁၃ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၀-၁-၂၀၁၄ ရက်နေ့မှစ၍ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသော အချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၆၅၀၀၀ိ/-)၊ ဒုတိယနှစ်(၆၆၀၀၀ိ/-)၊ တတိယနှစ်(၆၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၆၈၀၀၀ိ/-)ရရှိမည်။ [၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေးစည်းမျဉ်းနှင့်အညီ **သူနာပြု/ကျွမ်းကျင်သူ (တတိယတန်း)၊ အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း)၊ သူနာပြုဆရာကြီး/ကျွမ်းကျင်သူ(ပထမတန်း)၊ ဒုတိယသူနာပြုအုပ်/ဒုတိယ အထက်တန်းကျွမ်းကျင်သူ၊ သူနာပြုအုပ်/အထက်တန်းကျွမ်းကျင်သူ** အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်။

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းများက မြတ်ဆရာများအား ပူဇော်ကန်တော့မည်

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ စင်ထရယ်၊ အထက(၁)လသာ ကျောင်းသားဟောင်းများသည် နှစ်စဉ်စဉ်ဆက်မပြတ် ပူဇော်မြဲဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၃ခုနှစ် အောက်တိုဘာလ ၁၉ရက် (သီတင်းကျွတ်လပြည့်နေ့)(စနေနေ့)နံနက် ၈နာရီတွင် အထက(၁)လသာ (ဗဟိုစံပြခန်းမဆောင်)၌ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ပူဇော်မည် ဖြစ်ပါသည်။ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအတွက် ကျင်းပရေးကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များကိုယ်တိုင် လာရောက်အလှူခံမည်ဖြစ်ပါ၍ ပြည်တွင်းပြည်ပ ကျောင်းသားဟောင်းများက စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးခင်မောင်စိန်	ဖုန်း-၅၀၀၄၀၅၂	ဦးတင်အေး	ဖုန်း-၀၉-၇၃၃၇၇၉၉၇
ဗိုလ်မှူးချစ်ညွန့်(ငြိမ်း)	ဖုန်း-၀၉-၅၀၀၁၃၇၈	ဦးခင်မောင်ကြီး	ဖုန်း-၀၉-၄၉၂၉၅၀၂၀
ဦးထွန်းအောင်လှိုင်	ဖုန်း-၀၉-၅၀၆၄၇၄၁	ဦးအောင်စိုးဦး	ဖုန်း-၀၁-၂၂၅၃၉၉
ဗိုလ်မှူးခင်ညို(ငြိမ်း)	ဖုန်း-၀၉-၃၁၂၇၃၀၀၁	ဦးအေးထွန်း	ဖုန်း-၀၉-၅၁၅၉၂၇၂
ဦးခင်မောင်ဘို	ဖုန်း-၀၉-၄၃၀၅၁၁၈၁	ဦးအောင်လှ(ရဲကျော်စွာ)	ဖုန်း-၀၉-၅၅၅၃၃၅၅
ဦးထင်ကျော်	ဖုန်း-၀၉-၅၁၈၆၀၂၁	ဦးစိုးတင့်(၂)	ဖုန်း-၀၉-၅၀၃၁၃၆၁
ဦးခင်အောင်	ဖုန်း-၀၉-၇၃၀၂၉၃၅၃	ဦးတင်မောင်မြင့်	ဖုန်း-၀၉-၅၀၄၃၄၂၉
ဦးအမင်း	ဖုန်း-၀၉-၇၃၀၄၈၅၀၃	ဦးစိန်ထွေး	ဖုန်း-၀၉-၃၁၀၆၆၀၆၄
ဦးနိုင်ငွေးဝင်း	ဖုန်း-၀၉-၅၁၈၇၂၁၂	ဦးဝင်းမြင့် (Press)	ဖုန်း-၀၉-၅၁၂၈၈၂၀

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပနယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် အောက်တိုဘာလ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ တိလောကဓမ္မဗိမာန်တော် မြတ်၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော် ဟောကြားမည်ဖြစ်ပါသည်။

အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်း၊ အထက(B) နဝမတန်းမှ မမြသက်ယမ်အား မမြတ်မြတ်မော်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်ဦးစိုးမြင့်၏ အမည်မှန်မှာ ဦးစိုးဖြစ်ပါသည်။

မမြတ်မြတ်မော်

ပျောက်ဆုံးကြောင်း

ကျွန်မ မသီရိနွယ်နီ၏ နိုင်ငံကူးလက်မှတ် -၆၁၁၆၄၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၂၅၀၁၈၈၅၁၆

မြိုင်မဟာစည်-ရန်ကုန်

မြိုင်ရတနာ ဘောဇနသာလာ(၃)ထပ်၊

ယောဂီဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရာ၌

ပါဝင်ကုသိုလ်ယူနိုင်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ အလျားပေ ၇၀×အနံပေ ၅၀ ရှိ မြိုင်ရတနာဘောဇနသာလာ (၃)ထပ် ယောဂီဆွမ်းစားကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးမှ ပန္နက်တင်မင်္ဂလာပြုလုပ်ပေးပြီး ကျောင်းတော်ကြီးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ဆောက်လုပ်နေပြီဖြစ်ရာ ရပ်ဝေးရပ်နီးရှိ အလှူရှင်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများဖြစ်ကြရလေအောင် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

မြိုင်မဟာစည်သာသနာ့ရိပ်သာ

တောင်ဥက္ကလာပမြို့နယ်

ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၈၆၂၅၂၂၃၊ ၀၉-၄၂၁၁၅၁၀၃၀

အမည်ပြောင်း

အထက(၂)ရန်ကင်း၊ ဆဋ္ဌမတန်း (B)မှ ဦးမျိုးမင်း၏သား မောင်ဝသုန်မင်းအား မောင်ရဲမင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။



အထက(၅)မှိုလ်တထောင်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၅)ဗိုလ်တထောင် ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ၊ ဆရာမများ၏ အာစရိယဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် ၁၉၈၇-၈၈၊ ၁၉၈၉-၉၀၊ ၁၉၉၀-၉၁ခုနှစ်ထိ (အခြေခံပညာအထက်တန်း) သင်ကြားခဲ့သော တပည့်ဟောင်းများမှဦးဆောင်၍ အာစရိယပူဇော်ပွဲကို M3 Food Center ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်တိုဘာလ ၁၃ရက်၊ ၂၀၁၃ခုနှစ်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပရန်စီစဉ်ထားပါသဖြင့် အထက(၅)ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံး အင်တိုက်အားတိုက် ပါဝင်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီး သတိရစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

ဒေးဒရဲမြို့နယ်၊ မငေးကြီးကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာတွင်နေထိုင်သူ မောင်စိုးလင်းထက်[၁၄/ဒဒရ (နိုင်)၁၆၈၂၉၉]၏ ဖခင် ဦးငွေးဝင်း(ခ)ဦးမိုး[၁၄/ဒဒရ (နိုင်)၀၄၂၅၉၆] သည် တစ်ဦးတည်းသာဖြစ်ပါကြောင်း။

ဦးငွေးဝင်း(ခ)ဦးမိုး



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အဆောက်အအုံများအား အထွေထွေပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း

မိတ္ထီလာမြို့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၆နှင့်ဆက်သွယ်သည့်

၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၄

ဦးမျိုးဝင်း နှင့် ၁။ ဦးတင်ထွန်း၊ ၂။ ဒေါ်သန်းသန်းမော်
၃။ ဒေါ်သန်းသန်းထွေး၊ ၄။ ဒေါ်သန်းသန်းအေး

တရားနိုင် **တရားရှုံးများ**

အမှတ်(၃၄/ခ)ရှုခင်းသာမြို့ပတ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ်လိပ်စာမသိ)နေ ၁။ ဦးတင်ထွန်း ၂။ ဒေါ်သန်းသန်းမော်၊ ၃။ ဒေါ်သန်းသန်းထွေး၊ ၄။ ဒေါ်သန်းသန်းအေး သိစေရမည်။

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၆တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမျိုးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)

ဒုတိယခရိုင်တရားသူကြီး(၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၁၆-က)၊ အကျယ်အဝန်း ဧရိယာ(၀. ၂၆၅)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၆-က) ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသက်မော်မြင့်[၁၂/မရက(နိုင်)၁၄၇၉၆၇]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်ဝေဝေမြင့်ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းထွန်း (LL.B, D.B.L)

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)

အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ဂျပန်နိုင်ငံ OSAKA မြို့တွင် ပညာသင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးမိတ်ဆက်ပွဲ

မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများနှင့် သင့်တော်သောစရိတ်ဖြင့် သင်တန်းများတွင်သင်ကြားနိုင်ရန်အတွက် ရှင်းလင်းဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ SAKURA TRADE CENTRE ရုံးသို့စာရင်းပေးတက်ရောက်နိုင်ရန်အတွက် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ကျောင်းတက်ရောက်လိုသူများအတွက် ကျောင်း VISAအား တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပါသည်။)

ကျင်းပမည့်နေ့ရက် - ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)၊ နံနက် ၁၀ နာရီ

ကျင်းပမည့်နေရာ - SAKURA TRADE CENTRE Meeting Room (14/3)
ward,Cherry Garden City,South Okkalar Township

ဆက်သွယ်ရမည့်လိပ်စာ - SAKURA TRADE CENTRE Co.,Ltd(14/3)ward
Cherry Garden City,South Okkalar Township.

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၇၃၀၂၅၈၂၆၊ ၀၉-၅၀၅၇၀၈၃၊ ၀၁-၈၅၀၀၆၈၂

(လူဦးရေကန့်သတ်ထားပါသဖြင့် ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

"ရန်ကုန် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့"

နာလန္ဒာ

IMAGE Beauty Spa
- (Digital Perm, Steam Perm)
- Hair Repair, Rebonding, Treatment
- Tattoo
- Appointment

နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

General Manager ရာထူးအမြန်အလိုရှိသည်။
(500,000-1000,000)
- MBA (or) DMA
- Business Plan, Marketing Strategy, Sale Promotion, Advertising & Media Plan
- HR, Marketing, Accounting
ဆက်သွယ်ရန်ဖုန်း - 09 5060423, 09 448014832

ဒဂုန်တာရာ
သရက်တောင် ... အောင်သင်း
ဘဝအမိဌာန
အောင်သင်း
မေတ္တာတုံးပြီး မမုန်းစေချင်ပါ
ခင်စောတင့်

ရောင်း/ငှားမည်

Bull Dozer, Road Roller, Harvester, Tractor Head, Fuso Truck နှင့် Hino Truck များ ရောင်းရန်၊ ငှားရန် ရှိသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၃၁၁၂၃၃၇၂၊ ၀၉-၄၂၀၇၀၁၈၀၅၊ ၀၉-၃၁၂၇၄၉၃၆

၁-၁-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈)ပါ ဒေါ်ခင်စုနှင့် ရှေ့နေများ၏ ပြန်လည်ရှင်းလင်းကြေညာခြင်းမှာ အဖြစ်အပျက်အမှန်မဟုတ်ကြောင်း ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း)ဘက်မှ တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း)မှ ၁၉-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါ ကြော်ငြာစာမျက်နှာ(၇)တွင် မိမိ၏ပိုင်ရေးဆိုင်ခွင့်နှင့် ငွေကြေးစိုက်ထုတ်ဝယ်ယူထားခဲ့သော မြေကွက်များနှင့်စပ်လျဉ်းပြီး ဒေါ်ခင်စုမှ အမည်ခံဝယ်ယူခြင်းဖြစ်ကြောင်း ကြေညာချက်မှာ အဖြစ်အပျက်အမှန်ကို ရဲဝံ့ပြတ်သားစွာ ကြေညာခဲ့ခြင်းဖြစ်ပါသည်။

ရတနာမြိုင်ဆောက်လုပ်ရေးမှရရှိသော ငွေကြေးကို ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း)နှင့် ခင်ပွန်း ဗိုလ်မှူးတင်မြင့်သိန်းတို့မှ ရရှိခဲ့သည့်အပေါ် ဗိုလ်မှူးတင်မြင့်သိန်း၏မိခင် ဒေါ်ခင်စုအမည်ဖြင့် ယင်းမြေကွက်များအား ဝယ်ယူခဲ့ခြင်းဖြစ်သည်ကို သက်သေခံအထောက်အထားအပြည့်အစုံ ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း)လက်ဝယ်၌ရှိသကဲ့သို့ အမှတ်(၁၄)၊ ပျဉ်းကတိုးလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေအိမ်ကို ဗိုလ်မှူးတင်မြင့်သိန်း(ငြိမ်း)နှင့် ဗိုလ်ကြီး ဒေါ်ရီရီဆွေ (ငြိမ်း)တို့ကိုယ်တိုင် ဆောက်လုပ်ခဲ့ခြင်းကိုလည်း ပတ်သက်ဆက်နွယ်သူများအားလုံး သိရှိကြပါသည်။

ထို့ပြင် ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း)သည် ခင်ပွန်းဖြစ်သူ ဗိုလ်မှူးတင်မြင့်သိန်းပေးအပ်ခဲ့သည့် သော့ဖြင့် မိမိပိုင်ရေးဆိုင်ခွင့်အတွက် ဖော်ပြပါမြေနှင့် နေအိမ်၌နေထိုင်ခြင်းဖြစ်ပြီး ဒေါ်ခင်စုနှင့် ရှေ့နေများ၏ လွဲမှားသောကြေညာချက်နှင့် တောင်းဆိုမှုအပေါ် လုံးဝလိုက်လျောရန် အကြောင်း မရှိပါကြောင်းနှင့် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိသကဲ့သို့ ဗိုလ်ကြီးဒေါ်ရီရီဆွေ(ငြိမ်း) အနေဖြင့်လည်း နောက်နောင် ယခုကဲ့သို့ မမှန်မကန်ကြေညာချက်များအတွက် အရေးတယူဖြေရှင်း ဆောင်ရွက်တော့မည်မဟုတ်တော့ဘဲ မိမိပိုင်ရေးဆိုင်ခွင့်အတွက် တည်ဆဲဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြစိုးဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၀၈၁)

ဦးဝင်းလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၄၂၆၆)

အမှတ်-(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၄၃၁၃၈၇၅၀၊ ၀၉-၇၃၀၉၅၉၅၈

မြတ်ငြိမ်း

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၃(ကံဘဲ့)မြေကွက်အမှတ်(၁/၃) ဧရိယာ (၀. ၂၀၇) ဧကရှိနှစ် (၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃/၄) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ မောင်ရန်ငြိမ်းအောင်[၁၂/ဗဟန(နိုင်)၀၉၉၃၃၅]+၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ဌာနမှ ယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်ခွင့်စာချုပ် ထုတ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ရီရီသိန်း [၁၂/စခန(နိုင်)၀၂၇၅၅၆] ဒေါ်အိသန္တာကျော် (LPA-၁၆၄၇၀၇)(မှ) ဦးတင်မောင်ချစ် [၁၂/မဂတ(နိုင်)၀၇၃၃၁၃(မှ) ဦးမြင့်ဇော်ဦး [၁၂/လမန(နိုင်)၀၉၈၃၈၁] ဒေါ်အေးသူသူ [၁၂/လမန(နိုင်)၀၈၇၈၃၆](မှ) ဒေါ်တင်မိုးလှိုင် [၁၀/ရမန(နိုင်)၀၁၇၇၀၆](မှ)	ဒေါ်စန္ဒာ [၁၂/တမန(နိုင်)၀၅၀၀၂၇] ဒေါ်သူဇာကျော်ရင် [၁၂/တမန(နိုင်)၀၀၃၈၈၀]	တိုက်(၂၂)၊ အခန်း(၃၂)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်
၂။	ဒေါ်ခင်နွဲ့လင်း [၁၂/ဒပန(နိုင်)၀၂၁၁၂၃](မှ)	ဒေါ်နှင်းဝေ [၁၂/မဂဒ(နိုင်)၁၆၀၀၄၈]	တိုက်(ဘီ/၁)၊ အခန်း(၁၀၈)၊ ရှုခင်းသာအိမ်ရာ၊ သာကေတ
၃။	ဦးအေးတင် [၁၂/ကမရ(နိုင်)၀၃၄၁၆၅](မှ)	ဦးလှမျိုး [၁၂/လကန(နိုင်)၁၄၂၂၄၃] ဒေါ်စိုးစိုးခိုင် [၁၂/ကမရ(နိုင်)၀၀၂၂၉၇]	တိုက်(၁၅)၊ အခန်း(၁၀)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်
၄။	ဦးဝင်းမြတ် [၆/ထဝန(နိုင်)၀၀၆၈၈၀(မှ)	ဒေါ်ဥမ္မာ [၉/မရမ(နိုင်)၀၄၉၅၆၅]	တိုက်(၂၈/၃၀)၊ အခန်း(၅လွှာ) C ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
၅။	ဒါရိုက်တာဦးတင်မြင့် Naing group Construction(မှ) ဒေါ်တင်တင်ရီ PBDN-၀၀၂၀၃၆(မှ) ဒေါ်ခင်နု CG-၀၅၀၆၁၁(မှ) ဦးသိန်းသန်းအေး [၁၂/ပဘတ(နိုင်)၀၀၁၈၉၂](မှ)	ဒေါ်ခင်စန်းအေး [၁၂/ပဘတ(နိုင်)၀၀၈၅၁၄]	အမှတ်(၁၃၀/၁၃၂)၊(၆)လွှာ(ယာ) ၂၅-လမ်း၊ ပန်းဘဲတန်း
၆။	ဦးမြင့်သန်း [၁၂/တမန(နိုင်)၀၀၅၁၉၄](မှ)	ဒေါ်ဥမ္မာခင် [၁၂/မဂတ(နိုင်)၀၁၃၅၂၁]	တိုက်(ဘီ/၂)၊ အခန်း(၂၃)၊ ပထမထပ်၊ ဗညားဒလအိမ်ရာ၊ တာမွေ
၇။	ကန်ထရိုက်တာဦးစန်းမောင် အဏ္ဏဝါမင်းဆောက်လုပ်ရေး LPA-၀၁၁၈၈၃(မှ) ဦးမောင်မောင် BTHG-၀၀၃၈၁၇(မှ)	ဒေါ်စန်းစန်းဝင်း [၁၂/ပဘတ(နိုင်)၀၁၂၃၅၉] ဒေါ်သန်းသန်းဝင်း [၁၂/ပဘတ(နိုင်)၀၁၂၃၆၀]	အမှတ်(၁၃၈/၁၄၂)၊ အခန်း(၅) လွှာ(ဝဲ)၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
၈။	ဒေါ်ထွေးတင် [၁၂/ကမတ(နိုင်)၀၁၁၇၂၆](မှ)	ဒေါ်ငွေးဝင်း [၁၂/ကမတ(နိုင်)၀၁၁၈၁၇]	တိုက်(၆)၊ အခန်း(၄၃)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

[illegible]

စန္ဒီမယ်တော်(ဒူရ်ဂါ)ပူဂျာ ပူဇော်ပွဲတော်(၂၀၁၃)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၇)ရှိ သျှရီ သျှရီ ဒူရ်ဂါဘာရီ(စန္ဒီမယ်တော်) ဟိန္ဒူဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော စန္ဒီမယ်တော်(ဒူရ်ဂါ) ပူဇော်ပွဲကို ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာအစဉ်အလာအတိုင်း နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်မှ ၁၄ရက်ထိ (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ဖူးမြော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

စန္ဒီမယ်တော်(ဒူရ်ဂါ)ပူဂျာ ကျင်းပရေးကော်မတီ(၂၀၁၃)

[illegible]

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

[illegible]

(၄/၁၉၂၅/၂၀၁၃)

[illegible]

Int'l Class 1: Fertilizer in powder form as well as liquid form, compound fertilizer, bio-fertilizer and all kinds of fertilizers.

Int'l Class 5: All kinds of insecticide, fungicide, herbicide, pesticide, plant's hormone, mosquito coils and sprays.

Int'l Class 24: All kinds of mosquito repellant net.

Int'l Class 31: All kinds of seeds.

[illegible]

B.A. (Law), LL.B., LL.M

MYANMAR TRADEMARK AND PATENT LAW FIRM

E-mail: [illegible]

ပဲခူးမြို့(ယခင်)အမျိုးသားတန်းမြင့်ကျောင်း အထက(၃) ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ကန်တော့ခံဆရာကြီးများ ၁။ဆရာကြီး ဦးထွန်းညွန့် ၂။ဆရာကြီး ဦးမြင့်ဦး ၃။ဆရာမကြီး ဒေါ်စန်းမြင့် ၄။ ဆရာမကြီးဒေါ်ခင်ပြုံး မည်သည့်နှစ်မဆို တပည့်ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကန်တော့နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ၂၇-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

အချိန်။ နံနက် ၉ နာရီ

နေရာ။ Y.M.B.Aကျောင်းဆောင်၊ အထက(၃)ပဲခူးမြို့
(နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

ဆက်သွယ်ရန်

ပဲခူးမြို့ ၁။ ဗိုလ်မှူးလှဝင်း(ငြိမ်း) ၀၉-၄၂၈၁၂၄၉၃၀၊
၂။ ဦးတိုင်းကျော် ၀၉-၃၁၂၁၀၀၅၀
၃။ ဦးနေမျိုး ၀၉-၂၅၀၂၀၈၂၂၅၊ ၄။ ဒေါ်ခင်စုစု ၀၉-၄၂၈၁၃၀၁၃၈

ရန်ကုန်မြို့ ၁။ ဦးဟန်ရွှေ ၀၉-၅၀၁၂၅၆၃၊ ၂။ဦးဦးခင် ၀၉-၅၀၉၉၆၄၈၊
၃။ ဦးနေဝင်း ၀၉-၄၉၂၈၈၃၁၅၊ ၄။ ဦးစိုးမိုး ၀၉-၅၀၅၉၁၆၄

မန္တလေးမြို့ ၁။ ဦးမြင့်လှိုင် ၀၉-၃၁၀၀၀၀၃၁၊ ၂။ ဦးထွန်းလွင် ၀၉-၂၅၂၉၃၂၉

မော်လမြိုင်မြို့ ဒေါ်ခင်သန်းနွဲ့ ၀၅၇-၂၃၃၀၅

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၂-၂၀၁၃ခုနှစ်၊ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေး

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၂-၂၀၁၃ခုနှစ်၊ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၂၄၉)၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ အစည်းအဝေးခန်းမ(အေ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များ အနေဖြင့် နံနက် ၈ နာရီမှ စတင်၍ မှတ်ပုံတင်နိုင်ပါသည်။ ညီလာခံတွင် အာဆီယံနိုင်ငံများအကြား ကျန်းမာရေးပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး ASEAN Mutual Recognition Arrangement for Medical Practitioners ဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ပါမည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGGဂေါက်သီးရိုက်အသင်း၏ (၅၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ၀၉-၅၁၀ ၅၄၃၅၊ ဦးတင်ရွှေ ၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ၀၉-၅၀၁ ၆၆၁၆ ထံတွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။ www.facebook.com/Yuzana Plaza Golfer Group တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အမည်ပြောင်း

ဦးခင်ထွန်း၏သား အထက(၂) ကမာရွတ် နဝမတန်း(F)မှ မောင်သန်းထွန်းဟိန်းအား မောင်သန့်လင်းထွန်းဟုလည်းကောင်း၊ ဒုတိယတန်း(C)မှ မောင်ထွန်းမြတ်အောင်အား မောင်ထက်မြက်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၂၃) အခန်း(၀၄)ကို၊ မူလအမည်ပေါက် ပိုင်ရှင် ဗိုလ်မှူးကြီးလှသိန်း(ငြိမ်း)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဗိုလ်မှူးမျိုးနိုင်သိန်း(ငြိမ်း) [၆/မအရ(နိုင်)၀၀၄၄၇၉]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

၈တန် ~ ၁၀တန်
လမ်းကြိတ်စက်ရောင်း/ငှား
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၁၁၂၂၂

ဆရာအောင်မြင့်အေး(ဓာတု)

သင် ရင်သွေးငယ်ကလေးရယူတော့မည်ဆိုလျှင်

၁။ ယောကျာ်းကလေး ရယူလိုပါက ယောကျာ်းကလေး ဖြစ်တည်မည့်လကိုလည်းကောင်း။

၂။ မိန်းကလေး ရယူလိုပါက မိန်းကလေးဖြစ်တည်မည့်လကို လည်းကောင်း တိကျစွာ အထူးတွက်ချက်ပေးမည်။

၃။ ကြိုတင်၍ တွက်ချက်ထားခြင်းအားဖြင့် မိမိရယူလိုသော ရင်သွေးငယ်ကို မည်သည့်လ၌ ကိုယ်ဝန်ဆောင်ရမည်ကို ရှင်းလင်းကွဲပြားစွာ ကြိုတင်ပြီး သိရှိနိုင်ပါမည်။
(လွယ်ကူစွာ ကိုယ်ဝန်ဆောင်နိုင်မှသာ တွက်ချက်ပါ။) မိခင်အမည်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ ခုနှစ်)ရယူလိုသော ရင်သွေးငယ်စသဖြင့် တိကျစွာ ဖော်ပြပေးပို့ပါ။

မှတ်ချက် - **နှစ်ပေါင်းများစွာ လေ့လာမှုအရ၊ ဤပညာရပ်၏ တွက်ချက်မှုမှ ရလဒ်သည် တိကျခိုင်မာလှ၏။ အိမ်အရောက်ပို့ ဝန်ဆောင်မှုစနစ် (ဟောခန်း မဖွင့်ပါ။)**

ဆက်သွယ်ရန်ဖုန်း - **၀၉-၄၅၀၀ ၃၇၂၇၄၊ ၀၉-၄၃၀ ၈၂၆၈၈**

ဆက်သွယ်ရန်လိပ်စာ - **အခန်း(၂၀၆)၊ တိုက်(၂)၊ အပေါ်ဆုံးထပ်၊ (၃)လွှာ၊ ခေါင်းရင်းထောင့်ခန်း၊ ရွှေဘုရင်အိမ်ရာ၊ (၆၄)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ စက်မှုဇုန်(၂)ဈေးလေးမှတ်တိုင်ကပ်လျက်။**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် စာသင်ဆောင်နှင့် ဆရာ၊ ဆရာမဆောင်များ တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

	စာသင်ဆောင်နှင့်ဆရာ၊ ဆရာမဆောင်များတည်ဆောက်ခြင်းလုပ်ငန်း
(က)	**ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန** ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(၁)လုံးဆောက်လုပ်ခြင်း
(ခ)	**နည်းပညာတက္ကသိုလ်(မုံရွာ)** ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC) တည်ဆောက်ခြင်းလုပ်ငန်း
(ဂ)	**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC) တည်ဆောက်ခြင်းလုပ်ငန်း
(ဃ)	**နည်းပညာတက္ကသိုလ်(ရမည်းသင်း)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC)တည်ဆောက်ခြင်းလုပ်ငန်း
(င)	**နည်းပညာတက္ကသိုလ်(မကွေး)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲနှစ်ထပ်(RC) တည်ဆောက်ခြင်းလုပ်ငန်း
(ဆ)	**နည်းပညာတက္ကသိုလ်(မှော်ဘီ)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဇ)	**နည်းပညာတက္ကသိုလ်(ပုသိမ်)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဈ)	**နည်းပညာတက္ကသိုလ်(စစ်တွေ)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC) တည်ဆောက်ခြင်းလုပ်ငန်း
(ည)	**အစိုးရနည်းပညာကောလိပ်(မိုးညှင်း)** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဋ)	**အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)** ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဌ)	**အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုက်လတ်)** (၁) ပင်မနှစ်ထပ်စာသင်ဆောင်(၂၁၇'×၁၃၀') (RC)တည်ဆောက်ခြင်းလုပ်ငန်း (၂) ခြောက်ခန်းတွဲနှစ်ထပ်လူနေဆောင်(၁၄၇'×၄၀') (RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဍ)	**အစိုးရနည်းပညာအထက်တန်းကျောင်း(လပွတ္တာ)** (၁) ပင်မနှစ်ထပ်စာသင်ဆောင်(၂၁၇'×၁၃၀') (RC)တည်ဆောက်ခြင်းလုပ်ငန်း (၂) ခြောက်ခန်းတွဲနှစ်ထပ်လူနေဆောင်(၁၄၇'×၄၀') (RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဎ)	**မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ် (RC)တည်ဆောက်ခြင်းလုပ်ငန်း
(ဏ)	**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်(RC) တည်ဆောက်ခြင်းလုပ်ငန်း
(တ)	**မန္တလေးကွန်ပျူတာတက္ကသိုလ်** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄')(၆)ခန်းတွဲနှစ်ထပ်သံကူကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်း
(ထ)	**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်** ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၇-၁၁-၂၀၁၃ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ်-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

လွမ်းဆွတ်သတိရခြင်း

ဦးအောင်မြင့် (၆၃)နှစ်(ပီယမောင်ကားလုပ်ငန်း)၃-၃-၂၀၁၃ - ၃-၁၀-၂၀၁၃

မခင်မင်းမောင် (၃၃)နှစ်(ပုံရိပ်ကားပစ္စည်းဆိုင်) ၈-၁၀-၂၀၁၁ - ၈-၁၀-၂၀၁၃

မိသားစုအပေါ် မေတ္တာကြီးမားစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့သော ကျေးဇူးရှင်အဖေ ခွဲခွာသွားတာ (၇)လ၊ လိမ္မာ၍မိသားစုအပေါ် သိတတ်သောသမီးကြီး ခွဲခွာသွားတာ (၂)နှစ် ပြည့်ခဲ့ပြီ။ သားအဖနှစ်ယောက် မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားကြပေမယ့် မိသားစုရင်ထဲမှာ အမြဲတမ်းလွမ်းနေဆဲပါ။ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်လှူဒါန်းခြင်း၊ ဆေးပဒေသာပင်စိုက်ခြင်း၊ လမ်းခင်းခြင်း၊ သိမ်ဆောက်လုပ်ရာတွင် လှူဒါန်းခြင်းကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ကြပါစေ။

အဖေရေ-အမျှ-အမျှ-အမျှ---

သမီး-မခင်မင်းမောင် အမျှ-အမျှ-အမျှ---

ဇနီး-ဒေါ်ခင်ခင်ဌေး
သမီး-ဦးရဲလွင်-ဒေါ်ခင်နှင်းသော်
မြေး-အောင်ကောင်းခန့်ဟိန်း(ICEC)
သား-မောင်ဝင်းလျှံမင်း-မသန်းသန်းမိုး



ဝွမြို့နယ်အသင်း(ရန်ကုန်)
ဘဒ္ဒန္တသောဘဏ(ဝေဠုဝန်နိကာယဗဟိုရ်အကျိုးတော်ဆောင်)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်
(သာသနာဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘဏ သိက္ခာတော် (၅၈)ဝါ၊ သက်တော်(၇၈)နှစ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃(စနေနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။

ဝွမြို့နယ်အသင်း(ရန်ကုန်)
ဗုဒ္ဓဘာသာဝင်များ



ပျောက်ဆုံး တော်ဝင်သူကုမ္ပဏီလီမိတက်၏ ထုတ်ကုန်သွင်းကုန်လိုင်စင်-၁၅၅၄/ ၂၀၀၈/ ၂၀၀၉(၁၈/ ၂၀၀၉) ထသကလိုင်စင်-၂၃၀၈၄/ ၂၄-၃-၀၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၉၄၅၂၂၄၅**

၂-၁၀-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာအချပ်ပို(ဃ)တွင် ဦးသိန်းထွန်း [၁၂/မဂတ(နိုင်)၀၀၂၆၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမြင့်စိုး(ညောင်ဦး) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၅၈)နှင့်အများသိစေရန် တုံ့ပြန်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆-လမ်း၊ အမှတ်-၇(၅-လွှာ/B)နေ ကျွန်ုပ်၏အမှုသည် ဦးကျော်သိန်း[၁၂/တမန(နိုင်)၀၇၇၃၆၃]၏လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးကျော်သိန်းသည် မြန်မာနိုင်ငံကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် “တော်ဝင်ဥက္ကာဆောက်လုပ်ရေးကုမ္ပဏီ”အမည်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းကာ ကောင်းသောဂုဏ်သတင်းဖြင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါသည်။ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်တောင်ပိုင်း၊ အောင်သပြေ(၁)လမ်း၊ အမှတ်-၅၃၁/က၏ မြေရှင်ဦးမင်းလွင်နှင့် ဦးကျော်သိန်းတို့ချုပ်ဆိုခဲ့သည့် ၁-၃-၂၀၁၃ ရက်စွဲပါ ကန်ထရိုက်စာချုပ်မှာ ယနေ့တိုင်အတည်ဖြစ်လျက်ရှိပြီး မည်သည့်ဘက်ကမှ ဖျက်သိမ်းထားခြင်းမရှိပါ။ အဆိုပါစာချုပ်ချုပ်ဆိုသည့်နေ့တွင် မြေရှင်သို့ပေးရမည့် အလိုက်ငွေကျပ်(၂၅)သိန်းအနက် ငွေကျပ်(၁၀)သိန်းကိုမြေရှင်သို့ ဦးကျော်သိန်းမှပေးအပ်ခဲ့ပြီး ၂၀-၅-၂၀၁၃ ရက်တွင် ကျန်ငွေကျပ်(၁၅)သိန်းအား ဦးကျော်သိန်းထံမှ မြေရှင်ဦးမင်းလွင်က လက်ခံရရှိကြောင်းစာချုပ်နောက်ကျောတွင် ဝန်ခံလက်မှတ်ရေးထိုးလက်ခံရယူခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်မှာ မှန်ကန်စွာအလုပ်လုပ်နေသူဖြစ်၍ ငွေ(၁၅)သိန်းမပေးနိုင်စရာမရှိသကဲ့သို့ စာချုပ်ပါကတိအတိုင်း တိုက်သစ်အားမဆောက်လုပ်နိုင်စရာအကြောင်းလည်းမရှိပါ။ ကျွန်ုပ်၏အမှုသည် အေးချမ်းစွာလုပ်ကိုင်နေသောလုပ်ငန်းကို ဦးမင်းလွင်(ခ)ဦးသိန်းထွန်း(ခ)ဦးရဟင်းမှ အိမ်ဆောက်ပစ္စည်းကြိုတင်အရောင်းအဝယ်ပြုလုပ်ခြင်းကိုအကြောင်းပြု၍ ရှုပ်ထွေးအောင်ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ မြေရှင်ဦးမင်းလွင်နှင့် ဦးသိန်းထွန်း(ရွှေရောင်ဘဝသစ်ဆောက်လုပ်ရေး)တို့ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုသည်ဆိုပါကလည်း ဥပဒေအရတရားမဝင်ပါ။

ကျွန်ုပ်၏အမှုသည်မှ မိမိလက်ဝယ်ရှိအထောက်အထားစာရွက်စာတမ်းများအရ အမည်မှန်များကိုဖော်ပြကာ အမှန်အတိုင်းကြေညာခြင်းဖြစ်၍ ပြန်လည်ရုပ်သိမ်းရန်အကြောင်းမရှိပါ။ ဦးသိန်းထွန်း၏ ညွှန်ကြားချက်အရ ဦးမြင့်စိုး(ညောင်ဦး)၏ကြေညာချက်များသည်သာ အထောက်အထားမဲ့ မမှန်မကန်ဖော်ပြကြေညာခြင်းဖြစ်သဖြင့် ၂-၁၀-၂၀၁၃ ရက်စွဲပါ ကြေညာချက်အား ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပြီး ၂၄-၉-၂၀၁၃ ရက်စွဲဖြင့် အသိပေးကြေညာထားသည့်အတိုင်း အတည်ပြုဆောင်ရွက်ရန် သတိပေးကြေညာအပ်ပါသည်။ လိုက်နာမှုမရှိပါက မည်သည့်ကြေညာချက်မှ ထပ်မံကြေညာမည်မဟုတ်ဘဲ သက်ဆိုင်သူများအပေါ် တည်ဆဲဥပဒေများဖြင့် အရေးယူတရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်ဆင့်သတိပေးကြေညာအပ်ပါသည်။

ဦးကျော်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးမြင့်အောင်-LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈)
အမှတ်-၉/၁၁၊ အခန်း-၃၀၆(၄-လွှာ)၊ ၃၆-လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၆၉၄၁၉

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဘဒ္ဒန္တသောဘဏ(ဝေဠုဝန်နိကာယဗဟိုရ်အကျိုးတော်ဆောင်)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်
(သာသနာဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘဏ သိက္ခာတော် (၅၈)ဝါ၊ သက်တော်(၇၈)နှစ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃(စနေနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဗုဒ္ဓဘာသာဝင်များ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်စိန်
အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်သာ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-
ဒေါ်မာမာအေးမိသားစု



အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်အောင်နိုင်(ခ)ဦးအေးလှိုင်
အသက်(၉၄)နှစ်
နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၊ မော်ကွန်းဝင်(ဒုတိယဆင့်)
ဂျပန်ဘုရင့်စစ်တက္ကသိုလ်ဒုတိယပတ်ဗိုလ်သင်တန်းဆင်း(မင်္ဂလာဒုံ)
(ဂျပန်ခေတ်လေတပ်ပညာတော်သင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၇၄)၊ သာယာအေးလမ်းနေ ဒေါ်စောရှိန်၏ခင်ပွန်း၊ ဦးကျော်လင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်နီနီအောင်တို့၏ချစ်လှစွာသောဖခင် ဗိုလ်အောင်နိုင်(ခ)ဦးအေးလှိုင်သည် ၃၀-၉-၂၀၁၃ ရက် ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လိုက်ခရိုင်

ရွှေပြည်သာမြို့နယ်ရှိ
မြေကွက်များဝယ်လိုသည်။
09-5032566, 09-8633482

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်ခင်အောင်မြင့်
အသက်(၇၀)
အလယ်တန်းပြ(ငြိမ်း)
အထက(၁)တောင်ငူ

မိခင်ကြီး နာမကျန်းစဉ်ကာလအတွင်း လိုအပ်သည်များ ပြည့်စုံစွာထောက်ပံ့ကူညီခဲ့ပါသော ထူးကုမ္ပဏီများအုပ်စု၏ဥက္ကဋ္ဌ ဦးတေဇ၊ ဂရုတစိုက်ကုသပေးခဲ့ပါသော အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော်မှအထူးကုဆရာဝန်ကြီးများ၊ သူနာပြုအရာရှိများ၊ ဈာပနအတွင်း အားပေးနှစ်သိမ့်ခဲ့ပြီး အစစအရာရာ လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ပါသော ထူးကုမ္ပဏီများအုပ်စုဥက္ကဋ္ဌနှင့် ထူးကုမ္ပဏီများအုပ်စုမှ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများ၊ ရပ်နီးရပ်ဝေးမှသူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်စိန်
အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန်အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း မိသားစု
သမ္မတရုံးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်စိန်
အသက် (၉၂)နှစ်

ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် ဇနီးဒေါ်မြင့်မြင့်သန်း
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်စိန်
အသက်(၉၂)နှစ်

ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန်အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိ ရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဒေါ်သန်းသန်းဝင်း (၅၇)နှစ်
လက်ထောက်မန်နေဂျာ (မ. စ. ဘ၊ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊(၈)ရပ်ကွက်၊ အမှတ်(၁၀/၄လွှာယာ)၊ ရေကျော်၊ဝတ်ကျောင်းလမ်းနေ (ဦးကျော်ထွန်း-ဒေါ်ထွေး)တို့၏မြေး၊ ဦးတင်ညွန့် (မစဘ-ငြိမ်း)-ဒေါ်သန်းဆွေ)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးရဲလွင် (ငြိမ်း)-ဒေါ်ညွန့်ညွန့်ကြည်၊ဦးမြင့်ဆွေ-ဒေါ်အေးအေးသွင်တို့၏ တူမ၊ ဒုတိယအရာခံဗိုလ်ရဲတင့် (ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ (ဦးကျော်အေး) - ဒေါ်အေးအေးမော်၊ ဦးကိုကိုမောင်-ဒေါ်ခင်သန်းဝင်း၊ (ဦးသန့်ဇင်)-ဒေါ်စန်းစန်းခိုင် ဘဏ်ခွဲ(၄)၊ ဦးဇော်မင်းအောင်(ပန်းထိမ်) -ဒေါ်စုမြတ်ဝင်း၊ကိုကျော်မိုး ဘဏ်ခွဲ(၄)တို့၏အစ်မ၊ တူ၊တူမ ၁၂ ယောက်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့)ည ၁၁း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှရင်(ဂန့်ဂေါ) (၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ မြသစ္စာလမ်း၊ အမှတ်(၉/စီ) နေ (ဦးသာစိန်-ဒေါ်ငွေကျော့)တို့၏သမီး၊ (ဦးဘဝက်-ဒေါ်လှဝါ)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးလှသိန်း)၏ ဇနီး၊ ဦးအေးကို-ဒေါ်တင်တင်ဝင်း (လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးငွေစာရင်းဌာန)၊ ဦးရဲမင်း-ဒေါ်မိုးသူအောင်၊ (ဦးမြတ်မင်း)၊ ဗိုလ်မှူးကြီးမျိုးသန့်-ဒေါက်တာခင်ခင်ဝင်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ရဲဟိန်းအောင်(ရန်ကင်းမြို့နယ် ပြည်ခိုင်ဖြိုးပါတီကော်မတီဝင်)၊ မအေးသက်ထားခိုင် (Air Bagan Ltd.)၊ မောင်ရဲစစ်အောင် (AA Myanmar)၊ မောင်ဟိန်းလင်းထက်(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)တို့၏ ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀- ၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ(ဥက္ကံ/ဖျာပုံ)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နေ (ဦးစံတိုး-ဒေါ်ညွန့်)တို့၏ သမီး၊ (ဦးတင်ရှိန်)-ဒေါ်ကြည်တို့၏အစ်မ၊ ဖျာပုံမြို့၊ရှင်ရဲထွဋ်လမ်း၊ အမှတ်(၁၃၂)နေ ဦးအုန်းကြိုင်၏ဇနီး၊ အမှတ်(၇၈၁)၊ လေလှာ(A)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအေးလွင်)-ဒေါ်တင်တင်ဦး၊ ဦးဝင်းကို-ဒေါ်မြင့်မြင့်စိန်(ဦးအေးနိုင်-ဒေါ်သန်းသန်းအေး)၊ ဦးမင်းလွင်ဦး-ဒေါ်မျိုးမျိုးအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၇-၁၀-၂၀၁၃ရက် နံနက် ၉း၂၂ နာရီတွင် ဗဟိုရ်ရဲဆေးရုံ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း။ (ဒေါ်တင်တင်ဦး နေအိမ်မှ ၉-၁၀-၂၀၁၃ရက် နံနက် ၁၁ နာရီတွင် ကားများဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေးသင်(၇၆)နှစ်
(ကျောင်းဆရာမ-ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၂၀)(၇/ခ)နေ(ဦးသိန်း-ဒေါ်နန်းအုန်းသင်)တို့၏ သမီးကြီး၊ (ဦးကျော်ဒွန်း-ဒေါ်နှင်းရီ)တို့၏ သမီးချွေးမ၊ (ဦးမောင်မြင့်)၏ချစ်လှစွာသော ဇနီး၊ ဆရာလေးဒေါ်သုမန (ကမ္ဘာအေးကျောင်းတိုက်၊ ပုသိမ်)၏အစ်မ၊(ဦးမြင့်သူ)-ဒေါ်သင်းသင်းအေး၊ ဦးတင်ထွန်းအောင်-ဒေါ်စန်းစန်းမော်(အထက-၇၊ ပုသိမ်)ဦးမြင့်ဇော်၊ ဦးမောင်မောင်အောင်စည်-ဒေါ်မိုးစန္ဒာတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ချစ်လှစွာသော အဘွားသည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၈-၁၀၂၀၁၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများညနေ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်မြမြအေး(စမ်းချောင်း)
အသက်(၅၄)နှစ်
B.A(Geography), Deploma&Japanes
အ. မ. က(၁၉) လှိုင်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်-၁၀၆/ပထမထပ်(ဘီ)နေ (ဦးစိန်ဟံ-ဒေါ်မြင့်မြင့်)တို့၏သမီး၊ (ဦးမောင်ညွန့်-ဒေါ်စန်းစန်းရီ)၊ ဦးထွန်းထွန်းနိုင်(အရာခံဗိုလ်)-ဒေါ်စန်းစန်းငွေး၊ (ဦးစိန်လှ)-ဒေါ်စန်းစန်းအေးတို့၏ ညီမ၊ ဒေါ်မြမြမူ၊ ကိုမြင့်စိုး-မမိုးမိုးခိုင်၊ မမိမာ(ခ)မခင်စန္ဒာမြင့်တို့၏အစ်မသည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)မွန်းလွဲ ၃း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စိန်စိန်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်(H-1)နေ ဦးမောင်လေး(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(စစ်ကိုင်းတိုင်းဒေသကြီးပါတီဥက္ကဋ္ဌ)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူရဦးအေးမြင့်နှင့်ဇနီး ဒေါ်အေးအေး
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
နေပြည်တော်

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်စိန် (၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်(H/1)နေ (ဦးဆိုင်-ဒေါ်အုံ)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်ညို)တို့၏သမီးချွေးမ၊ ဦးမောင်ကလေး၏ ဇနီး၊ ဦးတင်လတ်-ဒေါ်ထွေးထွေးမြ၊ ဦးသာအေး-ဒေါ်ဝေဝေခိုင်၊ ဦးငြိမ်းဆွေ-ဒေါ်တင်တင်ခိုင်၊ ဦးလှိုင်မင်း-ဒေါ်မြင့်မြင့်ခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ကိုအောင်ကျော်စိုး၊ မမေဇွန်၊ ကိုစည်သူအေးအောင်၊ မသန္တာအေးအောင်၊ မမေခိုင်စိုး၊ မမေသင်းခိုင်၊ မောင်မြတ်ဘုန်းထက်တို့၏ အဘွား၊ မြစ် ထက်မြတ်နိုင်၊ ဘုန်းမြင့်မြတ်၊ လင်းလက်ပြုံး၊ ခင်လပြည့်သာ၊ ရွှေလဝန်းသာတို့၏ ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၀-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွန့်ရီ (ရေဦး) (၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မန်ကျည်းနီကျေးရွာနေဦးမင်းဝင်၏ ဇနီး၊အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ရပ်ကွက်၊ မဟာသုခိတာလမ်း၊ စွန်းလွန်းကျောင်းဆရာတော် ဦးဉာဏောဘာသ၏ မယ်တော်၊(ဦးလှမြင့်)-ဒေါ်လှမြိုင်၊ဒေါ်စန္ဒာစာရီ၊ ဦးကျော်ဆွေ-ဒေါ်ပြားကြည်၊ ဦးသိန်းဝင်း-ဒေါ်လှခိုင်၊ ဦးကျော်စိုး-ဒေါ်လှသန်း၊ ဦးဇော်ဇော်အောင်-ဒေါ်သွယ်သွယ်အောင်(နေပြည်တော်ဇော်ဇော်အောင် ဘလိတ်ဓားဆူးကြိုးထုတ်လုပ်ရေး)၊ ဦးမြတ်ဆွေ-ဒေါ်စန်းမြင့်ထူး၊ မောင်ကျော်ငွေထွန်းတို့၏ ချစ်လှစွာသော မွေးသမိခင်၊မြေး ၃၃ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွား ဒေါ်ညွန့်ရီသည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အင်းစိန်ဆေးရုံရေခဲတိုက်မှ ရေဝေးသု သာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အရှေ့ကြို့ကုန်းစွန်းလွန်းကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၀-၂၀၁၃ (စနေနေ့) တွင် အထက်ပါစွန်းလွန်းကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်စိုးသက်ခိုင်(ခ)မောင်သိန်းဆွေမြင့် အသက်(၄၀)
(M.Sc, A.G.T.I(MP)

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ အမှတ်(၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ငါးထပ် /ယာနေ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်-မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်)-ဒေါ်ထွေးလေးတို့ ၏သားကြီး၊ဒေါက်တာ အောင်ဇေယျ(ဒုတိယပါမောက္ခ-နည်းပညာတက္ကသိုလ်-မန္တလေး)၊ မောင်သီဟစိုး (သင်္ဘောသား)၊မောင်ကျော်သူရ (သင်္ဘောသား)၊မမျိုးဇင်သွဲ့(မန်နေဂျာ-စန္ဒာမြိုင်ကုမ္ပဏီ)၊မောင်လင်းဟိန်းဇော်တို့၏ အစ်ကိုကြီး၊ မောင်စိုးသက်ခိုင်(ခ)မောင်သိန်းဆွေမြင့်သည် ၆-၁၀-၂၀၁၃ရက် ညနေ ၅နာရီတွင် ဗဟိုရ်ရဲဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးယုဟိုက်
အသက်(၁၀၀)
(မြောင်းမြ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၂၆)နေဦးယုဟုတ်၏အစ်ကို၊ (ဦးစိန်ကျော်)၊ ဦးဝင်းဇော်-ဒေါ်ခင်ပြုံးတင့်၊ ဦးစိန်လှိုင်၊ ဦးမျိုးမင်းဇော်-ဒေါ်ကြည်ကြည်မာ[ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မဲဆန္ဒနယ်(၁)၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်]တို့၏ ဖခင်၊ ဒေါက်တာဦးအောင်မြင့်-ဒေါက်တာဒေါ်ခင်မွန်၊ ဦးဝင်းကြည်-ဒေါက်တာဒေါ် ခင်ခင်သက်၊ (ဒေါက်တာဦးအောင်ဇော်)-ဒေါက်တာဒေါ်သင်းသင်းကြည်၊ ဒေါက်တာဦးတင်ထွန်းအောင်-ဒေါ်ရီရီသိန်း၊ ဆရာလေးဒေါ်ဝဏ္ဏသီရိ၊ ဦးအောင်သိန်းထွန်း-ဒေါ်အေးငယ်၊ ဦးနိုင်လှထွန်း-ဒေါ်ခင်မိုးယုတို့၏ ဦးလေး၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက် တို့၏ဘိုးဘိုးကြီးဦးယုဟိုက်သည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၈နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၀ ၂၀၁၃ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဦးစစ်ထွန်း(၈၈)နှစ်
သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၂) ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၁၉)နေ ဒေါ်ကျင်စိန်၏ ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်ဦးစစ်ထွန်းသည် ၄-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးမြင့်ဝင်း(လက်ပံတန်း)
အသက်(၅၈)နှစ်

အမှတ်(၁၉)၊ (၄)လမ်း၊ လက်ပံတန်းမြို့နေ (ဦးငွေတင်-ဒေါ်ကျင်ယုံ)တို့၏ သား၊ ဦးညွန့်တင်၊ ဒေါ်သန်းသန်းရီ၊ ဒေါ်အေးအေးရီတို့၏ ညီ/မောင်၊ ဦးတင်မောင်အေး-ဒေါ်အေးအေးကြည်၊ ဦးမြင့်စိုး-ဒေါ်သီသီရှိန်၊ ဦးစိုးမောင်-ဒေါ်သူဇာတင်တို့၏ အစ်ကို၊ မော်လမြိုင်မြို့နေ ဒေါ်ကြည်ကြည်ငွေး၏ ခင်ပွန်း၊ မောင်ဉာဏ်ကျော်ထက်၏ ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၇-၁၀-၂၀၁၃(တနင်္လာနေ့) နံနက် ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာ
သုသမာစာရ-
ပရိယတ္တိဟိတဓရလင်္ကာရ
ဦးကီး
ပရိယတ္တိ သုသမာစာရဥက္ကဋ္ဌ
အသက်(၁၀၀)

မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်း၊ မင်းလမ္ဘရပ်၊ အမှတ်(၉၄)နေ(ဦးစိန်-ဒေါ်ညွန့်)တို့၏သား၊ (ဦးသာဒွေး-ဒေါ်ရွှေ)တို့၏ သားသမက်၊ (ဒေါ်ကျင်ပွန်) ၏ခင်ပွန်း၊ (ဦးရွှေသိန်း)-ဒေါ်ချိုချိုမာ၊ ဦးခင်မောင်ဝင်း - ဒေါ်ခင်မေသွင်၊ ဒေါ်ကြည်ကြည်ဝင်း-(ဦးတင်ဟန်လင်း)၊ ဒေါ်စုစုဝင်း-ဦးလှမြင့်၊ ဦးကျော်သိန်း-ဒေါ်စိုးစိုးရီ ဦးခင်မောင်ဇော်-ဒေါ်မြင့်မြင့်လွင်၊ ဒေါ်ငွေးငွေးဝင်း-ဦးအေးမင်း၊ ဒေါ်မေရီဝင်း၊ ဦးသိုက်ကျော်-ဒေါ်နွယ်နွယ်ခိုင်တို့၏ မွေးသဖခင်၊ မြေး ၂၁ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၇-၁၀-၂၀၁၃(တနင်္လာနေ့)နံနက် ၇း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကြန့်တိတ်တောင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၀-၂၀၁၃(သောကြာနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမြဝင်း(ပဲခူး)
အသက်(၆၀)

ပဲခူးမြို့နေ (ဦးလှမောင်-ဒေါ်မြတင်)တို့၏ သမီး၊ ပဲခူးမြို့၊ ကမ်းနားလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းနေ ဦးတင်ဝင်း (ဦးလှမောင်သစ်စက်)-ဒေါ်တင့်တင့်လွင်၊ ဦးတိုး(မြနန္ဒာဟိုတယ်)-ဒေါ်ကြည်ကြည်သန်း၊ ဦးအေးကြည်-ဒေါ်ခင်စန်း၊ ဦးသန်းဆွေ-(ဒေါ်ခင်သန်းမြင့်)တို့၏ ညီမ၊ ဦးကျော်ဝင်း-ဒေါ်အေးသိန်း၊ ဦးဇော်ဝင်း-ဒေါ်ရီရီသွင်၊ ဦးတင်မောင်ဝင်း-ဒေါ်မူမူသန်းတို့၏ ချစ်လှစွာသော အစ်မသည် ၇-၁၀-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဦးကိုကိုကျော်
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၈) ရပ်ကွက်၊ နဝရတ်(၁၀)လမ်း၊ အမှတ်(၇၀)နေ [စာရေးဆရာ ဝတ္ထု/ဇာတ်ညွန်း၊ ဒါရိုက်တာ၊ တက္ကသိုလ်မောင်လှသူ(ခ) ဦးတင်မောင်]-ဒေါ်ဘေဘီသိန်း(ခ)ဒေါ်ဘေဘီခင်တို့၏သားကြီး၊ ဦးပဋ္ဌင်း ဦးဇောတိက(ခ)မော်ကြီး (ရတနာမာရ်အောင်ကျောင်း၊ ဇမ္ဗူဒိပ်ကျွန်း)၊ဦးကျော်သူမော်(ခ)ဇော်ဇော် E.F.R (General Manager)-ဒေါ်ဇင်မျိုးဟန်(ပြည်တွင်းရေ ကြောင်းဦးစီးဌာနချုပ်-ပန်းဆိုးတန်း)၊ မသက်နှင်းထူး(ခ)ထူးထူးတို့၏ အစ်ကိုကြီး၊ မရတီပွင့်ဖူးမော်(ခ)မရတီ၊ မောင်တေဇ(ခ)ဝိုင်းတုံတို့၏ဦးလေး ဦးကိုကိုကျော် [အထက-၆၊ဗိုလ်တထောင်၊ (ယခင်စိန်ပေါလ်) (ရုပ်ရှင်သရုပ်ဆောင်သင်တန်း ၁/၇၉)] သည် ၃-၁၀-၂၀၁၃ ရက် နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၃ (ဗုဒ္ဓဟူး နေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
မောင်စိုးသက်ခိုင်(ခ)
မောင်သိန်းဆွေမြင့်
အသက်(၄၀)

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင် ဦးစိန်လှ (သိပ္ပံစိုးမြင့်နိုင်)-ဒေါ်ထွေးလေးတို့၏သားကြီး၊ ဒေါက်တာအောင်ဇေယျ (မန္တလေးနည်းပညာတက္ကသိုလ်၊ ဒုတိယပါမောက္ခ)၏အစ်ကို၊ မောင်စိုးသက်ခိုင်(ခ)မောင်သိန်းဆွေမြင့်သည် ၆-၁၀-၂၀၁၃ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (ကျောက်တံတားမြို့နယ်၊ အမှတ်-၃၅၆၊ မဟာဗန္ဓုလလမ်း နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသောဘဏ(ဝေဠုဝန်နိကာယ)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်
(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝေဠုဝန်နိကာယဗဟိုရ်အကျိုးတော်ဆောင်၊ သာကေတမြို့နယ်၊ ဇိနမာရ်အောင်စေတီတော်ဩဝါဒါစရိယ၊ ၁၀၈ တောင်စေတီတော်ဩဝါဒါစရိယ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘဏ သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃(စနေနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) ၉-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ငွေလဲ့ကန်တောရကျောင်း၊ လှည်းကူးမြို့နယ် ပဓာနနာယက
ဆရာတော် ဘဒ္ဒန္တဥတ္တရ
သိက္ခာတော်(၂၁)ဝါ၊ သက်တော်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ငွေလဲ့ကန်တောရကျောင်း၏ ပဓာနနာယကဆရာတော်၊ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နေ (ဖခမည်းတော် ဦးထွန်းကြိုင်-မယ်တော်ဒေါ်မစိန်)တို့၏ သားငယ် ဘဒ္ဒန္တဥတ္တရသည် (၁၃၇၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့) ၄-၁၀-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူ၍ (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်) ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမစျာပနကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမျာအား အသိပေးအပ်သည်။

ဘဒ္ဒန္တကဝိဒ္ဓိသာရဆရာတော်နှင့်စျာပနကျင်းပရေးကော်မတီ

ဦးခင်ဆွေ(အလုံ) (၈၆)နှစ်
Ex:TUCB,ULO မထသ

အမှတ်-၁၁၅(A)၊ မစိုးရိမ်ကျောင်း လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးနေ (ဦးဘမြိုင်-ဒေါ်ချစ်လှ)တို့၏သားလတ်၊ (ဦးဘသန်း-ဒေါ်မြတင်)တို့၏ညီ၊ ဦးဝင်းလှိုင်-(ဒေါ်ခင်ရီလှိုင်)တို့၏ အစ်ကို၊ ဒေါ်ရီရီဆွေ၏ချစ်လှစွာသောခင်ပွန်း၊ Dr.ဦးအေးမင်း-ဒေါ်ခင်သန့်၊ ဦးသိန်းဆိုင်-ဒေါ်ခင်မမ၊ ဦးဝင်းဆွေ(ခ)ဦးသက်-ဒေါ်မေထွန်း(ရွှေလီ)၊ ဦးဆွေလင်း-ဒေါ်လှလှ(သုဝဏ္ဏ)၊ ဦးနိုင်ဆွေ(ခေတ္တ-မလေးရှား)၊ ဦးဆွေသိန်း-ဒေါ်သန်းသန်းထွေး၊ ဦးမင်းနိုင်ဆွေ-ဒေါ်စန္ဒာမြင့်(ခေတ္တ-နယူးဇီလန်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးအောင်ဝင်း-ဒေါ် စီစီ၊ ဦးကြည်မောင်-ဒေါ်တင်တင်လှတို့၏ ဦးလေး၊ မြေး၁၆ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုး ကြီးသည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးသန်း (၅၉)နှစ်
ကျောင်းအုပ်ကြီး(အထက-၁၊ရန်ကင်း)(အထက-၁၊ခရမ်း)
(အလကတန်းလျားလေး၊ တွံတေး)(အထက-၃၊ကမာရွတ်)
B.Ed-1971-76

ဦးအေးမောင်-ဒေါ်ခင်ညို တို့၏ သား၊ ဦးစိန်ထွန်း-ဒေါ်အုန်းမြ တို့၏ သားသမက်၊ တိုက်(၁)၊အခန်း(၈)၊ ဝေဠုဝန်အိမ်ရာသစ်၊ မုန့်/မြောက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မေသူထွန်း(အထပြ-ငြိမ်း)၊ (လင်းလက်ကြယ်မှုကြို-ကျူရှင်) ၏ ခင်ပွန်း၊ ဒေါ်တင်တင်အေး(သတ္တုတွင်းဝန်ကြီးဌာန-ငြိမ်း)၊ [ဒေါ်အေးအေး(သတ္တုတွင်းဝန်ကြီးဌာန-ငြိမ်း)]တို့၏ မောင်၊ မသဥ္ဇာသူ(FMI Garden Development Ltd.)၊ မောင်ပိုင်စိုးသူ(KBZ Bank Tamwe)တို့၏ ဖခင်သည် ၇-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၄း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက-၁၊ ရန်ကင်း၊ ကျောင်းဝင်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက(၁)ရန်ကင်းကျောင်းဝင်းရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဲမှူးတင်ထွန်း(၅၈)နှစ်
ရဲ-၂၃၅၈ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး
တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်း

ပျော်ဘွယ်မြို့နေ (ဦးတင်အောင်-ဒေါ်တင်အုန်း)တို့၏တတိယသား၊ ရန်ကုန်မြို့နေ (ဦးသာရင်-ဒေါ်စန်းစန်းမြင့်)တို့၏သားသမက်၊ ဦးအေးဖေ-ဒေါ်ဆွေဆွေရှိန်၊ (ဦးစိုးတင့်)-ဒေါ်ကြူကြူစိန်တို့၏ညီ၊ ဦးသန်းထိုက်-ဒေါ်ခိုင်မြတ်ချစ်၊ (ဦးညီညီဝင်း)-ဒေါ်မာမာအေးတို့၏အစ်ကို၊ ဗိုလ်အေးချမ်းကို၊ မအေးမြတ်မွန်(B.Tech 2nd Years Civil, Mhaw Bi)၊ မောင်ရဲနိုင်ထွန်း(Grade 10/A အထက၊ အဖျောက်)တို့၏ မွေးသဖခင်၊ ဒေါ်ယဉ်ယဉ်မြင့်(ရဲအုပ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ရဲမှူးတင်ထွန်း (ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး)သည် ၇-၁၀-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၄၂/က)၊ ဝါဦး(၃)လမ်း၊ ဖော့ကန်ရပ်ကွက်၊အင်းစိန်မြို့နယ်နေ အိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။][ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမြဝင်း(ပဲခူး) အသက်(၆၀)

ပဲခူးမြို့နေ (ဦးလှမောင်-ဒေါ်မြတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(ဃ/၁၇၂)နေ ဦးစိုးမြင့်၏ ချစ်လှစွာသောဇနီး၊ ကိုသီဟစိုး-မဝင်းထိုက်ထိုက်စိုး၊ ဗိုလ်ကြီးဝေဖြိုးဝင်း (တပ်မတော်-ရေ)တို့၏ မိခင်၊ မဆုမြတ်နိုးဝေ(Grade-7 C, TTC ရန်ကင်း)၏ ချစ်လှစွာသောအဘွား ဒေါ်မြမြဝင်းသည် ၇-၁၀-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်၊ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်းတည်ငြိမ်အေးချမ်းမှု၏ ဗဟိုဖြစ်

နေပြည်တော် အောက်တိုဘာ ၇

လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ ပညာရေးဖောင်ဒေးရှင်းတို့မှ ပုဂ္ဂိုလ်များ၊ အမျိုးသားအကြံပေး ပညာရှင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ ပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရ စတင်တာဝန်ယူသည့် အချိန်မှစပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် သိသာထင်ရှားသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး အခြေခံအုတ်မြစ်များချနိုင်ရန် ကြိုးစားအားထုတ်ခဲ့ပါကြောင်း၊ လိုအပ်သောအခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာချမှတ်နိုင်ရန်လည်း ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများလည်း ပါဝင်ခဲ့ပါကြောင်း၊ မည်သည့်အတွက်ကြောင့်လဲဟုဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေ၍ပင်ဖြစ်ပါကြောင်း၊ ထို့အတူ ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်၊ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုဖြစ်ကြောင်းကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ခံယူထားရန် ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍမှာပါ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံပညာရေးတွင် မသင်မနေရ မူလတန်းပညာရေးအစီအစဉ်ကို အစပျိုးဆောင်ရွက် ခြင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ပညာရေးမှူးရုံးဖွဲ့စည်းပုံအင်အားတိုးချဲ့ခြင်း၊ ဆရာ ဆရာမများအား ပညာရှင်အဆင့်တိုးမြှင့်ပေးခြင်း၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားပေးရန် ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အတူ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း နိုင်ငံတကာအဆင့်မီစေမည့် Quality Assurance စနစ် တည်ထောင်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်သောကွန်ရက်များ မြှင့်တင်ဆောင်ရွက်ခြင်း၊ သင်ကြားရေးမဟာဌာနများဖွဲ့စည်းခြင်း၊ အလယ်အလတ်ကျွမ်းကျင်သူပညာရှင်များကို အချိန်တိုအတွင်းမွေးထုတ်ရန် အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပညာသင်ဆုများ ချီးမြှင့်၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

ရခိုင်ပြည်နယ်ပဋိပက္ခသည် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို နှောင့်နှေးစေ

နေပြည်တော် အောက်တိုဘာ ၇

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

သံတွဲဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ် သံတွဲမြို့နယ် အင်ဒိုင်းကြီးကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ၊ ဆင်ခေါင်းကျေးရွာနှင့် ကျောက်ဖြူမော်ကျေးရွာတို့သို့ လှည့်လည်သွားရောက်ပြီး ဆင်ခေါင်းကျေးရွာ သီရိသုခိတာရုံ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားပြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ(က၊ ခ၊ ဂ၊ ဃ) အပို လေးမျက်နှာ ပါရှိပါသည်။

ဆီးဂိမ်းအကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်တွင် မြန်မာအသင်းများရွေးဆုဆွတ်ခူး

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်

ဆီးဂိမ်းအကြိုပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ယနေ့ဆက်လက်ကျင်းပရာ မြန်မာ(ခ) အမျိုးသားအသင်းနှင့် မြန်မာ(က) အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် မြန်မာ(ခ)နှင့်မြန်မာ(က)တို့ ယှဉ်ပြိုင်နေစဉ်။

စိန်ရွှေရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

* Same Cutting စိန်အလုံးတိုင်း Standard Brilliant Cut
* Same Colour စိန်အလုံးတိုင်း (D,E,F Colour)
* Same Purity (IF, VVS,, Quality) VS Quality

NELC
Nelson English Language Centre
Native Speaker Local
* Young Learners (Age 6-15)
* PET (Foundation)
* Intro, Level - 1, 2, 3
* Listening /Speaking 1
* IELTS/ TOEFL (Foundation)
Opening in October
ရန်ကုန် 01-526311, 256517, 501947, 8550727 မန္တလေး 02-65852, 09-91023900

Dawei Beauty

သစ္စာရှင်
Hi-Ace
Ph:-09-73215988,09-5021279

GA

ခင့်မြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09-73005053
09-5122010

HTET OO MARITIME TRAINING INSTITUTE
Whole Package BST Pre-Sea CDC / Passport Coffee
BST (4 Tickets)
Tanker Familiarization Course (TF)
Oil, Chemical, Liquefied Gas
Pre-sea Course (Deck , Engine)
Deck Officer Class - 5 (NCV)

Ph/Fax:01-544562,098553104
Ph: 09 421154222

(၂၅-၉-၂၀၁၃)ရက်စွဲပါကြေးမုံသတင်းစာ စာမျက်နှာ-၂၂တွင် ဦးကျော်သိန်း [၁၂/တမန(နိုင်) ၀၇၇၃၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးမြင့်အောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈)၏ ဦးမင်းလွင်(ခ)ဦးသိန်းထွန်း(ခ)ဦးရဟင်း [၁၂/မဂတ(နိုင်)၀၀၂၆၃၃]နှင့် အများသိစေရန် အသိပေးကြေညာချက်နှင့် ပတ်သက်၍ ဦးကျော်သိန်းနှင့်ဦးမျိုးမြင့်အောင်(တရားလွှတ်တော်ရှေ့နေ)နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းခြင်းနှင့်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်-၁၁၈၊ (၄)လွှာနေ ဦးသိန်းထွန်း[၁၂/မဂတ(နိုင်)၀၀၂၆၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းခြင်းနှင့် သတိပေးကြေညာသည်မှာ-

သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၂)မြေကွက်ပေါ်တွင် (၃ ၁/၂)တိုက်သစ် ဆောက်လုပ်ရန်အတွက် ဦးကျော်သိန်းသည် အမည်ခံကန်ထရိုက်တာကဲ့သို့သာ မြေရှင်နှင့်သဘောတူခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်သိန်းသည် အဆိုပါတိုက်သစ်အား အမှန်တကယ် ဆောက်လုပ်နိုင်ခြင်းမရှိသောကြောင့် တိုက်သစ်ဆောက်လုပ်ခွင့်အား ဦးမောင်ဦးသို့ ခေါင်းပြောင်းခဲ့ပါသည်။ ထိုသို့ခေါင်းပြောင်းပြီးမှ တိုက်ခန်းနှစ်ခန်းအားလည်း ဦးသိန်းထွန်းသို့ထပ်မံရောင်းချခဲ့ပါသည်။

ဦးမောင်ဦးသည် ဦးကျော်သိန်းဆောက်လုပ်ရန် မတတ်စွမ်းနိုင်သော တိုက်သစ်ဆောက်လုပ်ခွင့်အား ဦးကျော်သိန်းနှင့်မြေရှင်တို့အား အသိပေးပြီးနောက် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်းသို့ ထပ်မံလွှဲပြောင်းခဲ့သည်ကို ဦးကျော်သိန်းနှင့် ဦးကျော်ဝင်းနိုင်တို့ သိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးသိန်းထွန်းသည် အဆောက်အအုံဆောက်လုပ်ရန် မြေရှင်၏ သဘောတူခွင့်ပြုချက်အရ အဆောက်အအုံအား ဆောက်လုပ်ခွင့်လျှောက်ထားစဉ်မှ ယနေ့အချိန်အထိ ၎င်းပိုင်ငွေများနှင့် ဆောက်လုပ်နေခြင်းဖြစ်ပါသည်။

ထို့ပြင် ဦးကျော်သိန်း၎င်း၏သားဖြစ်သူ ဦးကျော်နိုင်ဝင်း[၁၂/တမန(နိုင်)၀၀၄၁၅၈]တို့သည် တိုက်သစ်ဆောက်လုပ်ခွင့်အား ဦးသိန်းထွန်းသို့ ငွေ(ကျပ်သိန်းငါးရာ)အမြတ်ယူ၍ တိုက်သစ်ဆောက်လုပ်ခြင်းတွင် ၎င်းတို့နှင့်မည်သို့မျှမသက်ဆိုင်တော့ကြောင်းကို ကတိပြုပြီးဖြစ်ပါသည်။ ဦးကျော်သိန်း၏ ကြော်ငြာချက်တွင်ဦးသိန်းထွန်းအမည်အား"ဦးမင်းလွင်(ခ)ဦးရဟင်း"ဟုတမင် မမှန်တွဲဖက်သုံးထားခြင်း၊ ဆောက်လုပ်ဆဲတိုက်သစ်တွင် ဦးကျော်သိန်းမည်သို့မျှ ပါဝင်ပတ်သက်မှုမရှိသော်လည်း အစစ်အမှန်ကန်ထရိုက်တာတစ်ဦးကဲ့သို့ ကျွန်ုပ်၏အမှုသည်အား တိုက်သစ်ဆောက်လုပ်ခြင်းမှ ထွက်ခွာပေးရန် တောင်းဆိုထားခြင်းမှာ ရွှေရောင်ဘဝသစ်ဆောက်လုပ်ရေးနာမည်ဖြင့် နာမည်ဂုဏ်သတင်းကောင်းရှိနေသော ကျွန်ုပ်၏အမှုသည်အား အများအထင်မှားဖြစ်စေရန်နှင့် ယုံကြည်မှုလျော့နည်းစေရန် တမင်မမှန်ဖော်ပြထားခြင်းဖြစ်နေ၍ ၂၅-၉-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ စာ-၂၂၏ ကြေညာချက်အား ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ဦးကျော်သိန်းနှင့်ဦးကျော်နိုင်ဝင်းတို့ ရယူထားပြီးဖြစ်သော ငွေ(ကျပ်သိန်း ၅၀၀)ကိုပါ ရှင်းလင်းပေးဆောင်ရန် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်စိုး(ညောင်ဦး) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၅၈)
အမှတ်(၁၀၈)၊ ခရေပင်ရိပ်မွန်(၁)လမ်း၊ (၁/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၇၃၁၂၈၈၀၅၊ ၀၉-၄၉၃၃၀၃၆၇

ကလေးနာမည်ပေး
ဗေဒင်ဆရာ
(LL.B)

သင့်သွေးဖြင့်အသက်ကယ်ပါ

ဆိုင်ခန်းရောင်း(သို့)ငှားမည်
အနော်ရထာလမ်း၊ (ဆူးလေမီးပွိုင့်အနီး)၊ မြေညီထပ်ဆိုင်ခန်းရောင်း(သို့)ငှားရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း- ၀၁-၅၁၀၀၉၃၊ ၀၉-၅၁၁၃၉၆၆၊ ၀၉-၂၅၀၁၅၀၀၀၂

EVER ENGLISH
5 Skills
CD
No. 1, October

Prestige Centre of Management
Travel Tourism & Hospitality

English for Hotel & Catering Service
English for Business Management
Basic English Speaking
Enroll Now
Call: 01-256590, 384127, 09-428311204

GO & GO TRAVELS AND TOURS

☎ 01292465 📱 09402709876, 095154804, 09430 85166

TECH

"စကားပြောသီးသန့်သင်တန်းများ"

FLOURISH UNITED

10,000Ks

ဆရာမိုး Follow Me Ph.D (USA)

ENGLISH 4 SKILLS Level (1,2)

Advanced Diploma in English (USA)

SPEAKING

ဖိတ်ကြားလွှာ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်(၅)ရွာ ဘိုးဘွားရိပ်သာကျောင်းဂူဆရာတော် ဉူးကုန္ဒာစရိယ၏ (၆၃)နှစ်မြောက် (ဝိဇာတ) မွေးနေ့အလှူကို ၂၅-၁၀-၂၀၁၃ ရက်တွင် ပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်မှ ကုသိုလ်ယူလိုက်ပါမည့်သူများ ၂၀-၁၀-၂၀၁၃ ရက်တွင် ထွက်ခွာမည်ဖြစ်ပါသည်။ ဖုန်း-၀၁-၃၇၂၁၅၃ တွင် စုံစမ်းနိုင်ပါသည်။

"မီး" သတိပြု

မှတ်ရတနာ

လှိုင်မြို့နယ်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ်-၁၅၊ ဦးပိုင်အမှတ်(၆၇-အ၃)ကို တရားဝင်လက်ရှိထားပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်-၂၅ နေ ဒေါ်ကျင်ထွေး[အီးဂျီ-၀၁၁၃၂၂]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ်-၁၅၊ ဦးပိုင်အမှတ် (၆၇ အ၃)၊ ဧရိယာ(၄၀' × ၆၀')မှာ ဒေါ်ကျင်ထွေး[အီးဂျီ-၀၁၁၃၂၂]အမည်ပေါက် တရားဝင်ပိုင်ဆိုင်သော အိုးအိမ်ဂရန်မြေကွက်ဖြစ်ပါသည်။ ဒေါ်ကျင်ထွေးထံတွင် အဆိုပါမြေကွက်ပိုင်ဆိုင်မှုစာတမ်းမူရင်းများရှိပါသည်။

အထက်ပါမြေကွက်အမှတ်-၁၅၊ ဦးပိုင်အမှတ် (၆၇ အ၃)မြေကွက်၏အရှေ့ဘက်ခြမ်းတွင် ၁၀ ပေ ချန်လှပ်၍ ဧရိယာ ၃၀' × ၆၀' တိုက်အိမ်ဆောက်လုပ်ခဲ့ပါသည်။ အဆိုပါတိုက်အိမ်၏ အိမ်အမှတ်မှာ အမှတ်-၂၅၊ စိတ္တသုခလမ်းဖြစ်ပါသည်။

သို့ဖြစ်၍ အမှတ်-၂၅၊ စိတ္တသုခလမ်းတိုက်အိမ်နှင့် အရှေ့ဘက်ခြမ်းရှိ (၁၀' × ၆၀') အကျယ်ရှိမြေမှာ ဦးပိုင်အမှတ်(၆၇ အ၃)၊ မြေကွက်အမှတ် (၁၅)ဖြစ်ပြီး ဒေါ်ကျင်ထွေးပိုင် ဂရန်မြေဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ရောင်းချခြင်း၊ ကျူးကျော်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ အခြားတစ်ဦးဦးကို တစ်နည်းနည်းဖြင့် အသုံးပြုစေခြင်းများ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်း၊ ထိရောက်စွာအရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးထက်(LL.B, D.B.L) — **အထက်တန်းရှေ့နေ(၄၀၈၄၄)**

ဦးခင်ဇော်[BA(Law) LL.B] — **တရားလွှတ်တော်ရှေ့နေ(၃၀၀၄)**

အခန်း(၉)၊ တိုက်(၂)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၃၀၄၂၂၀

အမှတ်(၅၆၉/၁)၊ ၈၃-လမ်းနှင့် ၄၄-လမ်းထောင့်၊ မန္တလေးမြို့။

ဖုန်း-၀၉-၄၃၀၇၀၆၁၁၊ ၀၉-၄၀၂၆၀၀၀၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၆၀၊ မြေကွက်တည်နေရာအမှတ်(၁၆၀)၊ ပင်းယ(၁၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်မြငွေ၊ ဒေါ်တင်ရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်မြငွေနှင့်(ခင်ပွန်း) ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်သန်းနွဲ့[၁၂/ဥကတ(နိုင်)၀၃၆၆၆၀]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်ရွှေနှင့်(ခင်ပွန်း)ဦးစံဦး ကွယ်လွန်သဖြင့် ဦးဝင်းမောင်[၁၂/ဥကတ(နိုင်)၀၅၀၅၇၅]တို့က သမီးနှင့်သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၆၅၁(၁-၇-၂၀၁၃)၊ ၇၅၆၁(၁၃-၅-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးလှထွေး[၁၂/တမန(နိုင်)၀၄၉၀၉၆]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂-၄၈၁၇(၂-၈-၁၃)၊ ၂-၄၈၁၆(၂-၈-၁၃)တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ(၀. ၀၅၅၁)ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး၊ အစုံ)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးအောင်ကျော်ဦး(ဘ)ဦးမင်းစင်[၉/မနမ (ပြု)၀၀၀၀၀၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးတင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးငြိမ်းစံဝင်း (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၃၂၄၃၇)
ဖုန်း-၀၉-၄၄၄၀၀၇၅၅၈
အကွက်(၆၅၄)၊ ပန်းတိမ်ဝင်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

TG Myanmar Technology Gateway Co., Ltd

Build Trust with .mm

Online Market

Free DNS Management Panel

10% to 20% discount for Hosting

Try our VPS FREE for 14 days

Email & Web Hosting

VPS (Virtual Private Server)

No. 560, Kabaraye Pagoda Road, Mayangone Township, Yangon. Ph: 01-657852, 01-657883, 09-420043928, 09-2025719

No. 127, Thiriyadanar Shopping Complex, Naypyitaw. Ph: 067-420988 . Website: www.mtg.com.mm Email: info@mtg.com.mm

စင်ထွာ

TOYOTA BELTA

စင်ထွာ
မီးလင်းကဏ္ဍ

CENTRA

ရောင်းမည်

၁။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ၉မိုင်၊ ပြည်လမ်းမပေါ်၊ ၅လွှာ၊ ပေ(၁၅×၃၀)	သိန်း(၂၅၀)
၂။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ ပေ(၂၂×၂၂)၊ ပျဉ်တောင်အသစ်၊ ကွန်ကရစ်လမ်းမပေါ်	သိန်း(၇၅)
၃။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ လေဆိပ်အနီး ကျောက်/မြောက် ပေ(၁၈×၃၀)၊ ပျဉ်ထောင်-မီးပါ	သိန်း(၁၁၀)
၄။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ လေဆိပ်အနီး၊ ကျောက်/မြောက် ပေ(၂၅×၆၀)၊ ပျဉ်ထောင်+မီးပါ (စလစ်+ဂရန်)	သိန်း(၃၅၀)
၅။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ပေ(၂၅×၆၀)၊ ပျဉ်ထောင်(၂)လုံး၊ မီတာ(၂)လုံး၊ အဝီစိရေ (စလစ်+ဂရန်)	သိန်း(၃၆၀)
၆။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ပေ(၅၀×၅၀)၊ ပျဉ်ထောင်(၂)လုံး၊ မီတာ(၂)လုံး၊ အဝီစိရေ၊ ပေ(၂၀၀)ကျော်အနက်	သိန်း(၇၅၀)
၇။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ပေ(၂၈×၅၀)၊ ပျဉ်ထောင်မီးပါ (ဘိုးဘွား)	သိန်း(၃၀၀)
၈။	မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ပေ(၂၈×၆၀)၊ ပျဉ်ထောင်+ရေ+မီး၊ အရှေ့လှည့် လမ်း(၃)ဘက်ပါ	သိန်း(၄၅၀)
၉။	လေဆိပ်လမ်းမပေါ် Hotelဖွင့်ရန်အလွန်ကောင်း ပေ(၈၀×၁၉၀)၊၁ထပ် RC၊ အိပ်ခန်း(၆)ခန်း	သိန်း(၁၃၀၀၀)
၁၀။	လေဆိပ်လမ်းမပေါ် ပေ(၁၂၀×၁၃၅)၊ RC(၂)လုံး၊ ဖုန်းပါ၊ A/C ပါ၊ ပါဝါမီတာပါ	သိန်း(၁၅၀၀၀)
၁၁။	လေဆိပ်လမ်းမပေါ် ပေ(၄၆×၁၁၀)၊ 3/B မြေ 1Ph	သိန်း(၁၀၀၀၀)
၁၂။	လေဆိပ်ရိပ်သာလမ်း၊ ပေ(၄၀×၁၀၀)၊ 1RC,1Ph (ဘိုးဘွားပိုင်)	သိန်း(၄၀၀၀)
၁၃။	လေဆိပ်ရိပ်သာလမ်း စတုရန်းပေ(၇၀၀၀) 1RC,3 A/C,1Ph (ဘိုးဘွား)	သိန်း(၇၅၀၀)
၁၄။	၁၀မိုင်၊ ပြည်လမ်းမပေါ်၊ ပေ(၃၃×၁၂၀)၊ ဘိုးဘွား 1Ph	သိန်း(၁၅၀၀၀)

ဆက်သွယ်ရန်
ကိုမင်းအောင် အိမ်ခြံမြေအကျိုးဆောင်
B.A(Geography) Certificate in Business Law
နေအိမ်နှင့်ရုံးအမှတ်(၄၅/၅၅ D)၊ လေဆိပ်လမ်းသွယ်(၁)၊ (၁၀)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၁၄၃၆၃၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

မီးဘေးရှောင်မလောင်ခင်တား

ပစ်တိုင်းထောင်ပညာဒါနပဒေသာပင်

Pyit Taing Htaung Education Foundation

မြန်မာပြည်တစ်ပြည်လုံးရှိ ဆေးတက္ကသိုလ်တွင် ပညာသင်ကြားနေပြီး ပညာသင်စရိတ် အခက်အခဲရှိသော ဒုတိယနှစ်(2nd MB)မှ နောက်ဆုံးနှစ် (Final Part II) ကျောင်းသား/သူများ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။

လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြအဏ္ဏဝါပွဲရုံမှလည်းကောင်း၊ http://pthfoundation.org တွင်လည်းကောင်း ထုတ်ယူကြည့်ရှုနိုင်ပါသည်။ **ကိုဝင့်ရန်အောင်**

မြအဏ္ဏဝါပွဲရုံ
ခ-၄၀၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၁၈-၉-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၆)နှင့် ၁၉-၉-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကျီစုအနောက်(၃)လမ်း၊ တောင်ဒဂုံမြို့နယ်ရှိ အရောင်းအဝယ်အတွက် ရှင်းလင်းချက်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ်(၃)၊ ပထမထပ်(ယာ)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းဇော်ဝင်း[၇/ညလပ(နိုင်)၁၃၇၁၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းသည်မှာ ကျီစု(၃)လမ်း၊ တောင်ဒဂုံမြို့နယ်ရှိ မြေကွက်ကို တစ်ဆင့်ဝယ်ယူသူမှာ ဒေါ်သွယ်သွယ်ဦးဟု ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်ပါ မြေကွက်ဝယ်ယူသူမှာ ဒေါ်သွယ်သွယ်ဦးမဟုတ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးလင်းဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-ဦးခင်မောင်ဖြူ(သုံးခွ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၈၂)
အမှတ်(၇၉)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဝန်ထမ်းများ အမြန်အလိုရှိသည်

RICH LIFE CONSTRUCTION & DECORATION

Architect ကျား (၁)ဦး၊ မ (၂)ဦး

(B-Arch), B.E(Civil), B-Tech, AGTI တို့ ရရှိထားသူဖြစ်ရမည်။ Interior Decoration လုပ်ငန်းအတွေ့ အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။ 3D Maxs, AutoCAD, Sketch up ကျွမ်းကျင်စွာ ရေးဆွဲနိုင်ရမည်။ ကိုယ်ပိုင် Design ရေးဆွဲနိုင်ရမည်။

Marketing မ(၃)ဦး

Marketing အတွေ့ အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။ ... (အသက် ၂၀နှစ် မှ ၂၅ နှစ်အတွင်း)

... CV form ... လျှောက်ထားနိုင်ပါသည်။

Bldg-5, 3F, Junction Square, Kamayut Township, Yangon.
Ph- 09420255330, 09420245116.

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဂရိုးအပ်

(၄/...၃/၂၀၁၃)

ဝန်သိုဆိုက် ၂၀ အထွေထွေ
SANTHOCIDE 20WP

(၄/...၂/၂၀၁၃)

(၄/...၃/၂၀၁၃)

DYNAMO

(၄/...၃/၂၀၁၃)

Int'l Class 1: Fertilizer in powder form as well as liquid form; compound fertilizer; bio-fertilizer and all kinds of fertilizers.
Int'l Class 5: All kinds of insecticide; fungicide; herbicide, pesticide, plant's hormone; mosquito coils and sprays.
Int'l Class 24: All kinds of mosquito repellant net.
Int'l Class 31: All kinds of seeds.

B.A. (Law), LL.B., LL.M

MYANMAR TRADEMARK AND PATENT LAW FIRM

E-mail: mtplp@mptmail.net.mm

မဂ္ဂိုမဓေဒေါသ၊ သာ၀တ္ထိမြို့ မဟာသမ်ပတိကဒါန ကျောင်းအလှူ ခံဆောက်ခြင်း

ဆက်သွယ်ရန် - unanda08@gmail.com

အမြန်ရောင်းမည်

ပုဂံဟိုတယ်ဇုန်

၅. ၁၄ဧက

1 sqft- ၂၀၀၀၀ကျပ်

ရွှေလိပ်မင်း

ယွန်းထည်ဆိုင်အနီး

ဆက်သွယ်ရန်

ဖုန်း-၀၉-၄၂၀၀၂၄၈၉

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ တောင်ပိုင်း

ဆိပ်ကမ်း

မြေကွက်များဝယ်လိုသည်။

09 31268183

09 31589922

EMERALD MYANMAR

High Class Travels & Tours

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇/ရှေ့)၊ မြေကွက်အမှတ်-(၅၃၀/က)၊ မြေကွက်တည်နေရာအမှတ်(၅၃၀/က)၊ ရှုခင်းသာလမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးရန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရန်(BGE-၁၆၇၄၆၅)မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကိုန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာတွင် ဌာနရှိ မြို့မြေစာရင်းတွင် သကက/ပုံ၀၇/၂၀၀၃အား ရှင်းလင်းစေခဲ့ရာ ဦးရန်သည် (၄-၆-၂၀၁၃) ရက်စွဲပါ ကျမ်းကိုန်လွှာဖြင့် အဆိုပါမြေပုံသည် (၂၀၀၈)ခုနှစ်၊ နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ကြောင်း တင်ပြလာပါသဖြင့် ယခုဦးရန်မှ ဂရန်မိတ္တူလျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြေပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/သမိုင်း၊ မြေကွက်အမှတ်-၅/က(၁-A)(၁-ခ)၏အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၁၃၅)၊ ဗိုလ်ဥာဏလမ်း၊ (၅)ရပ်ကွက်၊ ၉မိုင်၊ မရမ်းကုန်း၊ Kဆင်ရောင်၊ Kကွန်းဖြူ အမည်ပေါက်မြေပိုင်မြေလ/နဉ(ခ)မြေအား အမည်ပေါက်များထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်၄၁၅/၉၄(၂၀-၃-၉၄)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးကျင်ပေါ်(ခ)ဦးခူချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ဖော်ပြပါ(၈)ဦးအပါအဝင် ဒေါ်ခင်ယုဇနတို့အား တရားမကြီးမှုအမှတ်-၁၃၀၇/၂၀၁၁၊ တရားမဇာရီမှုအမှတ်-၃၈၀/၂၀၁၂တို့ဖြင့် တရားစွဲဆိုခဲ့ပြီး အရောင်းအဝယ်စာချုပ်အမှတ် ၂၁၄၂/၂၀၁၃(၁၉-၆-၂၀၁၃)ဖြင့် ဒေါက်တာမြင့်အောင်မှ ပိုင်ဆိုင်လာပါသည်။ ၎င်း၏ကိုယ်စား တောင်အာဖရိကမှ (၂၅-၂-၂၀၁၃)ရက်စွဲဖြင့် G/P လွှဲအပ်ခြင်းခံရသူ ဒေါ်လှကြည် [၁၂/ကတတ(နိုင်)၀၁၉၈၇၈]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်၊ တရားရုံးဒီကရီအထောက်အထား၊ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်မြေကွက်အမှတ်-၇၁၊ မြေကွက်တည်နေရာအမှတ်(၇၁)၊ ၁၀လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်း၊ ဦးမြတ်စိန် [၁၂/မဂတ(နိုင်)၀၄၅၃၇၄]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြတ်စိန် (ဖခင်)နှင့် ဒေါ်ဝင်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမြင့်ခိုင်[၁၂/သဃက(နိုင်)၀၅၀၀၆၇]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၇၉/က၊ မြေကွက်တည်နေရာ အမှတ်(၅၇၉/က)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ပု အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပုနှင့် ခင်ပွန်းဦးလှထွန်း ကွယ်လွန်သဖြင့်ဦးလှသောင်း[၁၂/ဥကတ(နိုင်)၀၃၃၆၁၂]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကိုန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၈၂၇၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးခင်မောင်[၁၂/သဃက(နိုင်) ၀၈၆၇၈၀] အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးခင်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သန်း[၁၂/သဃက(နိုင်)၁၄၃၆၆၈]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(Travels & Tours)

အားစစ်အတတ်ဒီပလိုမာစစ်သင်တန်း

ELECTRICIAN FOR

SHIP YARD, SHIPPING VESSEL, OFF SHORE CONSTRUCTION AND OTHERS

AEO, EO, 3E, 2E, CE နှင့်